ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 30 June 2023 ၁၁၁၄၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာနုဂ္ဂဟအဖွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

### “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၉) (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)

ဆောင်းပါး စာမျက်နှာ » ၆



### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ROSATOM တို့ ပူးပေါင်းဆောင်ရွက်သော သိပ္ပံပွဲတော် ၂၀၂၃ ဒုတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ » ၁၀

ကြေးမုံ

# ဝိုင်းဝန်းကူညီလက်တွဲစောင့်ရှောက် အလျင်အမြန်ပြန်လည်ထူထောင်

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုနှင့်ပတ်သက်၍ မုန်တိုင်းမတိုင်မီကာလ၊ မုန်တိုင်းတိုက်နေစဉ်ကာလ၊ မုန်တိုင်းလွန်ကာလများအတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားလုံးတက်ညီလက်ညီဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မဖြစ်ပွားအောင် တားဆီးနိုင်စွမ်းမရှိသော်လည်း ကြိုတင်ပြင်ဆင်လက်တွဲဝန်းရံပူးပေါင်းဆောင်ရွက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မူလအခြေအနေမပျက်၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် တစ်နာရီ မိုင် ၁၂၀ နှုန်းပြင်းအားဖြင့် အလွန့်အလွန် အင်အားပြင်းထန်စွာတိုက်ခတ်ခဲ့သော်လည်း နိုင်ငံတော်၏ ကောင်းမွန်သော ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်မှုများဖြင့် အကောင်းဆုံးရင်ဆိုင်ကျော်လွှားဖြတ်ကျော်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် လူမှုကူညီရေးစေတနာရှင်များ၏ခွန်အား၊ နိုင်ငံတော်၏ဘတ်ဂျက်၊ ပြည်တွင်းအလှူရှင်များ၏ စွမ်းပကားဖြင့် ပထမဦးစားပေးအနေဖြင့် မုန်တိုင်းသင့်ပြည်သူများအား အမိုးအကာအောက် လုံခြုံစွာရောက်ရှိနေထိုင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယဦးစားပေးအနေဖြင့် မုန်တိုင်းမတိုင်မီ ကြိုတင်ကြေညာထားသည့် ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်နိုင်ရေးအတွက် အထက်တန်းကျောင်းများကို ဦးစားပေး ပြင်ဆင်ပြီး သတ်မှတ်ရက်အတွင်း အမိုးအကာအောက်၌ လုံခြုံစွာဖြင့် ကျောင်းများ ဖွင့်လှစ်နိုင်ခဲ့သည်။ ပြင်ဆင်ဆဲကျောင်းများကိုလည်း ယာယီအဆောက်အအုံများဖြင့် ပညာသင်ကြားရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တတိယဦးစားပေးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ/ဆေးခန်းများကို ပြင်ဆင်ပေးခဲ့ပြီး ယခုကာလတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပုံမှန်ပြန်လည်ပြုလုပ်ပေးနိုင်ခဲ့သည်။ တစ်ဆက်တည်းတွင် လမ်းပန်းဆက်သွယ်ရေး၊ ပျက်စီးခဲ့သောအဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရေးနှင့် အစားအစာနှင့်လူ့အသုံးအဆောင်ပစ္စည်းများကို မုန်တိုင်းသင့်ဒေသများသို့ စဉ်ဆက်မပြတ်ပေးပို့နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ညီညွတ်မှုနှင့် အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်မှုများသည် အလွန်အရေးကြီးသည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသောဆိုစကားနှင့်အညီ တာဝန်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကူညီရေး ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ခဲ့သောကြောင့် မုန်တိုင်းထိခိုက်သော မြို့နယ်များအားလုံး တစ်လအတွင်းထင်သာမြင်သာသည့် တိုးတက်ဖြစ်ထွန်းမှုများကို တွေ့ရှိခဲ့သည်။

စည်းလုံးညီညွတ်မှုသည် သဘာဝဘေးအန္တရာယ်များသာမက မည်သည့်ဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်ဖြတ်ကျော်နိုင်သည်။ ယခုအခါတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး (ဗဟို)၊ ဟာသပညာရှင်များအစည်းအရုံးနှင့်အနုပညာရှင်အဖွဲ့များက မုန်တိုင်းရန်ပုံငွေရှာဖွေထားသည့် အလှူငွေများပေးအပ်ခဲ့ကြသည်။

ပြည်သူချစ်သော အနုပညာရှင်များသည် ကျေးဇူးရှိသော ပြည်သူပရိသတ်တို့၏ အားပေးမှုကို တုံ့ပြန်သောအားဖြင့် ပြည်သူများ ဘေးဒုက္ခကြုံတွေ့ရချိန်တိုင်း အားပေးကူညီထောက်ပံ့မှု၊ လှူဒါန်းမှုနှင့် ဖျော်ဖြေတင်ဆက်မှုများဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ဓာတ်ခွန်အားသစ်များရရှိစေရန် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။ ယခုမိုခါမုန်တိုင်းအန္တရာယ်ကြုံတွေ့ပြီး ထိခိုက်ခံစားကြရသည့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက်လည်း အားပေးကူညီ၊ ထောက်ပံ့လှူဒါန်းမှုများနှင့် ဖျော်ဖြေတင်ဆက်မှုများကို စေတနာအလျောက် စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ရာ မုန်တိုင်းသင့်ဒေသများရှိ ပြည်သူများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့စဉ်ရက်ဆက် ပါဝင်ဆောင်ရွက်ပေးနေကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အခြားဆက်စပ်အဖွဲ့အစည်းများကလည်း ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ခဲ့ကြပြီး ပြည်သူအားလုံး စိတ်ဓာတ်ခွန်အားလန်းဆန်းတက်ကြွစွာဖြင့် ကြည့်ရှုအားပေးခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်များသာမက အခြားသောအန္တရာယ်ရန်စွယ်အမျိုးမျိုးတို့ကိုလည်း ပြည်တွင်းအားဖြင့်ပင် ရင်ဆိုင်တွန်းလှန်ကျော်လွှားသွားကြရမည်ဖြစ်သည်။ "စည်းလုံးညီညာ အောင်ကြောင်းဖြာ"ဟူသော မြန်မာ့ဆိုရိုးစကားနှင့်အညီ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်လာအောင် နိုင်ငံတော်အစိုးရ၊ အဖွဲ့အစည်းများအားလုံးနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှ ပြည်သူများ၊ ဒေသခံပြည်သူများအားလုံး လက်တွဲပူးပေါင်းကာ အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ကျိုက်မရောမြို့နယ်၌ ဂျိုင်းမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

ကျိုက်မရော ဇွန် ၂၉

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျုံစိန်ရွာရှိ ဂျိုင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ မော်လမြိုင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်မြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်မှုကော်မတီများ၊ ကျုံစိန်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ဂျိုင်းမြစ်အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ နှစ်သိန်းအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ပျဉ်းမနားမြို့နယ်၌ အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်များဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး



နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ရန်အောင်ရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်နှင့် မေတ္တာမွန်ရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်တို့က ယနေ့တွင် (၁၀၁) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသင်းသား အသင်းသူများအား ဆန်၊ ဆီ၊ ဆား၊ လူသုံးကုန်များနှင့် အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်းများအား အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

ကျိုင်းတုံ ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့သို့ မတည်ရန်ပုံငွေနှင့် ရဲမှုထမ်းဟောင်းများအား ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီးအေးသိန်းက အမှာစကားပြောကြားပြီး ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့အား မတည်ရန်ပုံငွေကျပ် သိန်း ၂၀ ထောက်ပံ့ပေးသည်။ ထို့နောက် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ) စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီးအေးသိန်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ်ရဲမှုထမ်းဟောင်း ၂၆ ဦးအား ဆန်၊ ဆီ၊ ကြက်သွန်နီနှင့် ကြက်ဥများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




**သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှင်းလင်းပြသစဉ်။



အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှင်းလင်းပြသစဉ်။

❂ ရှေ့ဖုံးမှ

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်သည့်ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြသရန်ဖြစ်ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့်သော်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်နေသည့် အခြေအနေများကို သိရှိရန်လိုအပ်သည်ဟုယူဆပြီး ကုသိုလ်စိတ်ပွားများနိုင်ရေး ရှင်းလင်းပြသခြင်း ဖြစ်ပါကြောင်း။

### ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်ခဲ့

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဗုဒ္ဓ၏တရားတော်များကို ပဋ္ဌသင်္ဂါယနာတင်ခြင်းကို မင်းတုန်းမင်းလက်ထက်တွင်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ဝန်ကြီးချုပ် ဦးနုလက်ထက်တွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ခိုင်မာသောအခြေခံရှိခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မိမိတို့နိုင်ငံတွင် ခိုင်မာမှုရှိခြင်းကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်အတွက် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သာယာဝပြောမှုရှိခြင်းဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှု မေတ္တာတရားထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား၏ အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက်များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

❂ **နိုင်ငံတော်သာယာဝပြောမှုရှိခြင်းဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်**

❂ **ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံး အေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှု မေတ္တာတရားထားသည့် ဘာသာတရားတစ်ခုဖြစ်၊ ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက်များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်**

### ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်စစ်ဆေးဆောင်ရွက်၍ တွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ထု ပေ ၂၀ ရှိ A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော်ထုဆစ်ရန်အတွက် တွက်ချက်ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများတွင် လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ အနေဖြင့် ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မိမိတို့နိုင်ငံ၏သမိုင်းမှာ အဆက်ပြတ်သွားခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှသာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ကြောင်း၊ ကိုလိုနီဖြစ်ခဲ့သည့် ကာလအတွင်း မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ ပျက်စီးသွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ယူရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီးထုဆစ်ပူဇော်ရန် စဉ်းစားရာတွင် ဉာဏ်တော်ကို အဓိကထားပြီး သတ်မှတ်ထားသည့် ထုံးတမ်းအစဉ်အလာများပေါ်မူတည်၍ လိုအပ်သည့် ပလ္လင်တော်နှင့် ဒူးတော်နေရာများအတွက် စကျင်ကျောက်များ ထပ်မံရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှ သယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင်နိုင်ရေးအတွက် အသေးစိတ်လိုက်လံကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

ထိုသို့ သယ်ယူချိန်တွင်လည်း ထုထည်ပမာဏ ကြီးမားခြင်းကြောင့် အခက်အခဲများကြားမှ ပင့်ဆောင်ခဲ့ရကြောင်း၊ စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော်(ရေ)တို့ပူးပေါင်း၍ မြောင်မြစ်သို့ တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၈၂၅၀၇ ကျင်း၊ တူးမြောင်း အရှည် ၄၅၈၃ ပေ ဖောက်လုပ်ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ဆီမီးခုံဆိပ်ကမ်းသို့လည်း ရေယာဉ်များဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

**ကိုးကြိမ်ပင့်ဆောင်ခဲ့ရ**

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခြင်းအခမ်းအနားကို ဆောင်ရွက်၍ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ကိုးကြိမ်ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း၊ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာသယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံ အရှည်လမ်းအား ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ထိုသို့ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများ သွားလာနိုင်ရေး ရှောင်ကွင်းလမ်းများဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချိန်အားဖြင့် လေးလကြာမြင့်ခဲ့ကြောင်း၊ ကျောက်တော်ကြီးများ ပင့်ဆောင်သည့်အချိန်သည် ကိုဗစ်ကာလဖြစ်ပွားနေချိန်နှင့် နိုင်ငံရေးအရအကျပ်အတည်းများဖြစ်နေသဖြင့် အချို့မှာကျောက်တော်ကြီးများပင့်ဆောင်မှုကို အသေးစိတ်သိရှိမှုနည်းပါးကြကြောင်း။



အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှင်းလင်းပြသစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက အလှူငွေပေးအပ်လှူဒါန်းစဉ်။

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း၊ ထိုသို့သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေး**

ဘုရားကြီးတည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနားထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန်ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း ဩဝါဒါ စရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ "မာရဝိဇယ"ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း။

ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင် ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျမ်းစာအုပ်များရိုက်နှိပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါ ပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

**CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အစီအစဉ်များ အဆင့်ဆင့်ချမှတ် ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေပန်းရင်ပြင် တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုခမ္မာဇရပ်များတည်ဆောက်ရာတွင် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း။

ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။

မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများရှိရန် လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ကြောင်း၊ အဆိုပါကျောင်းတော်တွင် သံဃာတော် ငါးပါး သီတင်းသုံးနိုင်မည်ဖြစ်ကြောင်း၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျည်းပင် သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း။

ဆင်းတုတော်အပိုင်းများ တွဲဆက်ခြင်းများကို အခက်အခဲများကြားမှ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရားကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာများရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များဦးဆောင်မှုဖြင့် ဆရာတော်ကြီးများမှ နေ့စဉ်တည်းဖြတ်၍

စာမျက်နှာ ၅ သို့ »»»

»»» စာမျက်နှာ ၄ မှ

စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များတည်ဆောက်ရာတွင်လည်း မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့ ရွှေစင်မင်း သီလရှင်သင်အမျိုးသမီးပရဟိတ ပညာရေးမူလွန်ကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ သီလရှင်ဆရာလေးများက လှူဒါန်းသည့် ဗောဓိပင် ၁၀၀၀ ကိုလည်း ကျောက်စာရုံများ၏ ပတ်လည်တွင် စိုက်ပျိုးထားရှိကြောင်း။



အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှင်းလင်းပြသစဉ်။

**ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်း မရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း(၁၊ ၂၊ ၃) တို့တွဲဆက်ထားသည့်အပိုင်းအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သံမဏိပန်းတောင်းကို



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

အသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြုသံမဏိစင်ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ပင့်ထောင်ခြင်းလုပ်ငန်းများနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းများမရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်ခဲ့နိုင်ခဲ့ကြောင်း။

**ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့**

ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော်ထက်၌ ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရတနာပလ္လင်တော်ထက်၌ ဒုတိယအကြိမ်ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ (၇)ရက် သားသမီး၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြု လှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်း။

သာသနဗိမာန်နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီးတစ်ခုဖြစ်ကြောင်း။

**စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခဲ့သည်မှ ယနေ့အထိ ရက်ပေါင်း ၁၁၁၀၊ ၃ နှစ်နှင့် ၁၅ ရက်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

**အသေးစိတ်ရှင်းလင်းပြသ**

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့်ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋီတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့် အချိန်များတွင် ဂန္ဓကုဋီတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လင်းလွန်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လုမ္ဗိနီအင်ကြင်းပင်များအား အိန္ဒိယနိုင်ငံမှ လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအဆင့်ဆင့်တိုးတက်လာမှုကို Drone ဖြင့် ရိုက်ကူးထားရှိမှုမှတ်တမ်း Video Clip နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓ ဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့် အခြေအနေ Video Clip ဖြင့် ရှင်းလင်းပြသပြီး ယခုလာရောက်သည့် ဓမ္မမိတ်ဆွေများအနေဖြင့် အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏လူမှုစီးပွားဘဝတိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသူများဖြစ်သဖြင့် အသိပေးသင့်သည်ဟုယူဆ၍ ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းပြသပေးခြင်းပင်ဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ငွေကြေးအကုန်အကျများစွာဖြင့် တည်ထားခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထပ်မံတည်ဆောက်ရန်မှာ မလွယ်ကူပါကြောင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခက်အခဲများလည်းရှိခဲ့ကြောင်း၊ သာသနဗိမာန်တော်ကြီးကိုလည်း အချိန်မီပြီးစီးနိုင်ရေး နေ့ညမပြတ် ဆောင်ရွက်ခဲ့ရကြောင်း၊ သာသနာတော်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာပုဂ္ဂိုလ်များကို အသိပေးလိုသဖြင့် ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားကို အချိန်နှင့်နေရာကန့်သတ်ချက်များအကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လှူဒါန်းမှုများနှင့်ပတ်သက်၍ သဒ္ဓါတရားထက်သန်မှုများဖြင့် လှူဒါန်းခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများအလိုက် လှူဒါန်းခဲ့သည့် အလှူရှင်များ၏ အမည်များကိုလည်း ကျောက်ချပ်များပေါ်တွင် ရေးထိုး၍ ကမ္ပည်းမှတ်တမ်းထားရှိပေးမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသည် ပမာဏကြီးမားပြီး လုပ်ငန်းများလည်း ကြီးမားပါကြောင်း၊ ထို့ကြောင့် ယခုတစ်ခဏအချိန်အတွင်း သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့ကျင်းပပြုလုပ်သည့်အခမ်းအနားတွင် အခမ်းအနားတက်ရောက်လာကြသူများက သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် လှူဒါန်းသည့် အလှူရှင် ၁၀၁ ဦး၏ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ)ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၉) (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)



သင်္ဘောကြီးများပေါ်မှ သစ်ခွဲသားများ သယ်ယူနေကြစဉ်။

**စာရေးသူ၏ ဆန္ဒမွန်**

ကျွန်တော်တို့ ငယ်စဉ်ကတည်းက နှစ်သက်စွာဖတ်ခဲ့ဖူးသည့် ကာတွန်းမြင့်သိန်း၏ဇာတ်ကောင် စံရွှေမြင့်ပြောတာလား၊ ကာတွန်းတင်အောင်နီ၏ဇာတ်လိုက် ကိုပြာလေဝ်ပြောတာလား ကတော့ မသဲကွဲတော့ပါ၊ တိုးရင်းတိုးရင်းနဲ့ အလယ်ရောက်သွားတာပါ ဆိုသည့်စကားလို ရေးရင်းရေးရင်းနှင့် ဆောင်းပါးအမှတ်စဉ် (၉) သို့ပင် ရောက်သွားပါပကောလား။ အမှတ်စဉ် (၁) မှာ ပြန်ကြည့်လျှင် ရခိုင်ပြည်နယ်သို့ မိုခါမုန်တိုင်း မဝင်ရောက်မီ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်များ၊ မုန်တိုင်းဝင်ရောက်ပြီး ကိုယ်တိုင်သွားရောက် ကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ဆက်လက်၍ အမြန် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်များကို ရေးသားတင်ပြခဲ့သလို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ စစ်တွေသို့ ရောက်ရှိတာဝန်ထမ်းဆောင်မှု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုများနှင့် စီမံခန့်ခွဲဆောင်ရွက်မှုများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကို နိဒါန်းပျိုး၍ရေးခဲ့သည်။

ဤသို့ရေးသားရာတွင် စာရေးသူ၏ အဓိကရင်တွင်းဆန္ဒနှစ်ခု ရှိသည်။ တစ်ခုက နိုင်ငံတော်အစိုးရ၏ စေတနာကို နိုင်ငံသူနိုင်ငံသားများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သားများ သိစေလိုသည်။ သဘောပေါက်စေလိုသည်။ မိုခါမုန်တိုင်းသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ယှဉ်တွဲ၍ ငြိမ်းချမ်းရေး၏ အန္တိမခရီးလမ်းအဆုံးကိုလည်း လှမ်း၍ မြင်စေကြည့်စေချင်ပါသည်။ ကူညီကယ်ဆယ်ထောက်ပံ့ရေး သင်္ဘောကြီးများ ဒလဟောဝင်ထွက်ဆိုက်ကပ်နေသည့် ကမ်းခြေဒေသများအပါအဝင် ရခိုင်ပြည်နယ်၏ ရေမြေတောတောင်သဘာဝကို ဘုရားပေးသောဆုလာဘ်အဖြစ် သိမြင်ခံစားနားလည်စေလိုပါသည်။ ဤသည်ကဆန္ဒတစ်ခု။ နောက်တစ်ခုက အရေးကြီးလျှင် အလိုလိုသွေးနီးသွားတတ်သော မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်လက္ခဏာများအတိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အနယ်နယ်အရပ်ရပ်က အပြေးအလွှားရောက်ရှိလာကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများကို ဂုဏ်ပြုလို၍ဖြစ်သည်။ ရာထောင်ချီ၍ ရောက်ရှိလာကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများ၊ ပို့/ ဆက်ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ မိုးထဲလေထဲ၊ ညမှောင်မှောင်မည်းမည်းထဲတွင် သူတို့ခတ်တိုင်များပေါ် တက်နေကြသည်။ ဆက်သွယ်ရေးလိုင်းများ ပြန်ကောင်းအောင် လုပ်နေကြရသည်။ အလွန်လေးလံသော သွပ်ပြားများ၊ သံချောင်းများ၊ ဆန်အိတ်များအပါအဝင် ပစ္စည်းမျိုးစုံကို ထမ်းပိုးသယ်ယူ တင်/ချပေးနေရသည်။ လှိုင်းများတွင် စက်သံများညံနေသည်။ နေပူမိုးရွာမရှောင် ရေဖြန့်ဝေရေးလုပ်ငန်းများ လုပ်ကိုင်ပေးနေကြသည်။

ဆိုတော့ကာ သူတို့အားလုံး အပင်ပန်းခံ၍ စိတ်ရင်းစေတနာကောင်းစွာ လုပ်ကိုင် ဆောင်ရွက်ပေးနေမှုများကို ကိုယ်တိုင်ကိုယ်ကျလည်း တွေ့မြင်နေရသည်ဖြစ်၍ ဂုဏ်ပြုရေးသားခြင်းဖြစ်ပါသည်။ အရေးကြီးလုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြရသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများအကြောင်း အရင်ရေး၍ ပြီးမှ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကြားထဲတွင် အမှတ်စဉ် (၆) အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဖြတ်ဝင်သွားသည်ကတော့ ရခိုင်ပြည်နယ် ဇာတိဖွား၊ (၃၂) ကြိမ်မြောက် ဆီးဂိမ်း၌ ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ ကွင်းလယ်ကစားသမား၊ ကျောနံပါတ် ၆ နော်ထက်ထက်ဝေ၊ ဂျူဒိုနှင့် ပိုက်ကျော်ခြင်း အားကစားများ၌ ငွေနှင့်ကြေးတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုလို၍ဖြစ်သည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမှတ်စဉ် (၇)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမှတ်စဉ် (၈) ဖြစ်သည်။

**မှတ်တမ်းပြုဖော်ပြ**

အမှတ်စဉ် (၁) ကို စရေးလိုက်ကတည်းက တောင်းပန်စရာကိစ္စက ပေါ်လာပါတော့သည်။ ဇွန်လ ၅ ရက်နေ့ ထုတ်သတင်းစာများတွင် ဆောင်းပါးပါလာပြီး မကြာခင် ဖုန်းတစ်ခုဝင်လာသည်။ ဖုန်းဆက်သူက ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်။ ညီလေး – မင်းရေးတဲ့အထဲမှာ ငါ့နာမည်လည်းမပါဘူး….တဲ့။ ဟုတ်ပါ့ဗျာ၊ သွားရောပဲ….။ စစ်တွေတွင် လာရောက်တာဝန်ထမ်းဆောင်နေသော ဒုတိယဝန်ကြီးများ၏အမည်နှင့် ဝန်ကြီးဌာနများကို ထည့်ရေးသည့်နေရာတွင် အစည်းအဝေးခန်းမထဲ၌ထိုင်နေသူ ဒုတိယဝန်ကြီးများကို အစဉ်လိုက်ရေတွက်ပြီး ချရေးလိုက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် အစ်ကိုကြီးရဲတင့်က နေပြည်တော်သို့ ခေတ္တပြန်ရောက်နေချိန်ဖြစ်၍ ကျန်သွားခြင်းပင်၊ ပြောရလျှင် ကျွန်တော်တို့ ထက်ပင်စစ်တွေသို့ စောရောက်နေပါသေးသည်။ ခွင့်လွှတ်ပါခင်ဗျားဟူ၍သာ….။

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်တို့ တာဝန်ဖြင့် နေပြည်တော်သို့ ခေတ္တပြန်လည် ရောက်ရှိနေခိုက်တွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကွပ်ကဲဆောင်ရွက်လျက်ရှိသည်။ ဒုတိယဝန်ကြီးများဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လူမွန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒေါက်တာအောင်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးထွန်းအုံ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးအေးကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဝင်းဖေ၊ ပညာရေးဝန်ကြီးဌာနမှ ဒေါက်တာမိုးဇော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးစိုးကြည်တို့ကလည်း မိမိတို့ဝန်ကြီးဌာနအလိုက်၊ ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နေသည်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်တိုးရီနှင့် ဗိုလ်ချုပ်ဇင်မင်းထက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့လည်း လာရောက်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးကိုကိုလှိုင်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာညွန့်ဖေ၊ ဦးအောင်သော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ကလည်း စစ်တွေမြို့သို့ ရောက်ရှိလာကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းတာဝန်များ၊ ရုံးများပြန်လည်တည်ဆောက်ပြုပြင်ရေးနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

**ဂုဏ်ပြုလိုက်ရပါသည် ကိုဇော်လတ်**

ကျွန်တော် ဒီကနေ့ရေးသားတင်ပြမည့်အကြောင်းအရာမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များပင် ဖြစ်သည်။ ကိုဇော်လတ်က ယင်းဝန်ကြီးဌာန၏ ဝန်ထမ်းတစ်ဦး၊ စစ်တွေမြို့သို့ ရောက်ရှိနေသော သစ်ထုတ်လုပ်ရေးအဖွဲ့တစ်ခုမှ ဝိုင်းဆရာဖြစ်သည်။ တာဝန်ကျနေရာ၌ လှိုင်းများကို ကြီးကြပ်ဆောင်ရွက်နေစဉ် မေလ ၃၁ ရက်နေ့ ညနေ ၅ နာရီ ၃၅ မိနစ်တွင် ဦးနှောက်သွေးကြောပြတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ သူ၏နောက်ဆုံးခရီးကို အောင်လံမြို့ရှိ မိသားစုဝင်များက ပြုလုပ်ပေးနိုင်ရေးအတွက် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ကိုဇော်လတ်၏ မိသားစုဝင်များမှာ ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းငွေး (မှိုခို)၊ သမီးကြီး ချိုသဲဦး (၂၀၂၃ ခုနှစ်-တက္ကသိုလ်ဝင်စာမေးပွဲအောင်)၊ သမီးငယ် မေသဲဖူးဇော် (ပဉ္စမတန်း) တို့ဖြစ်ကြသည်။ သမီးကြီး ချိုသဲဦး၏ပညာရေးခရီးလမ်း အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသွားမည် ဖြစ်သည်။ မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် မိမိဝန်ကြီးဌာနက တာဝန်ယူထားရသော သစ်ထုတ်လုပ်ရေး လုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ကွယ်လွန်ခဲ့ရသည့် ကိုဇော်လတ်အား ဤဆောင်းပါးဖြင့် လေးစားစွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

စာမျက်နှာ ၇ သို့ ✤

> ❛ လှိုင်း ၁၀ စုံ၊ ဝန်ထမ်း ၁၇၉ ဦးတို့ဖြင့် ဒေသ၏သစ်လိုအပ်ချက်များကို လုံလောက်အောင် ဆောင်ရွက်ပေးရန် မလွယ်ကူပါ။ သည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စစ်တွေမြို့တွင် ရွှေ့ပြောင်းသစ်စက်များနှင့် သစ်ခွဲသားများ ခွဲစိတ်ခြင်း၊ ရန်ကုန်မြို့မှ သင်္ဘောများဖြင့် သစ်ခွဲသားများ တင်ပို့ခြင်းတို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ အမ်း၊ မောင်တော၊ ပေါက်တော၊ တောင်ကုတ်နှင့် သံတွဲမြို့များမှ ပုဂ္ဂလိကပိုင်သစ်စက်များကို ငှားရမ်း၍ သစ်ခွဲသားများ ခွဲစိတ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို စီမံဆောင်ရွက် ❜





စစ်တွေမြို့သို့ ပို့ဆောင်ပေးထားသော ရွှေ့ပြောင်းသစ်စက်များ။

❖ စာမျက်နှာ ၆ မှ

**သစ်ခွဲသားများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုတင်ပြင်ဆင်**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မိုခါ မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခြင်းခံရပါက ရခိုင်ဒေသမြို့ရွာများ အနည်းနှင့်အများဆိုသလို ပျက်စီးဆုံးရှုံးနိုင်ခြေကို ကြိုတင်တွက်ဆ၍ လိုအပ်သည်များ ပြင်ဆင် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့သစ်လုပ်ငန်းအား တာဝန်ပေးခဲ့သည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့်လည်း မေလ ၁၀ ရက်နေ့မှာပင် သစ်ခွဲသားများဖြည့်ဆည်းပေးရေးဦးစီးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ရှိသူများအား မေလ ၁၂ ရက်နေ့တွင် စစ်တွေမြို့သို့ ကြိုတင်စေလွှတ်ကာ သစ်ခွဲသားများ စုဆောင်းထားရှိရေး မြေပြင်အကြိုလုပ်ငန်းစဉ်များ ဆောင်ရွက်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၏ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ သစ်စက်များမှ လက်ရှိသစ်ခွဲသားများကို လည်းကောင်း၊ သစ်ထုတ်လုပ်ရေးဌာန အစီအစဉ်ဖြင့် ခွဲသားဆိုဒ်စုံများကို လည်းကောင်း ရန်ကုန်၌ အသင့်ရှိစေရေးစီစဉ်ဆောင်ရွက်ခဲ့သည်။

**ရွှေ့ပြောင်းသစ်စက်များအား စစ်တွေသို့ ပို့ဆောင်**

ပြည်တွင်း ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၏ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ သစ်စက်များမှ ရွှေ့ပြောင်းသစ်စက် (Mobile Sawmill) များအဖြစ် စစ်တွေမြို့သို့ ၁၀ စုံ ပေးပို့ခဲ့သည်။ ယင်းသို့ပေးပို့ခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီး အမှတ် (၃၈) သစ်စက်ဘုရားလေးမှ သုံးပေဝိုင်းခုံတစ်စုံ၊ လေးပေဝိုင်းခုံနှစ်စုံ၊ အမှတ် (၉၆) သစ်စက်အောင်လံမှ သုံးပေဝိုင်းခုံတစ်စုံ၊ လေးပေဝိုင်းခုံတစ်စုံ၊ အမှတ် (၃၀) သစ်စက် နတ်တလင်းမှ လေးပေဝိုင်းခုံတစ်စုံ၊ ရခိုင်ပြည်နယ် အမှတ် (၉၉) သစ်စက် တောင်ကုတ်မှ သုံးပေဝိုင်းခုံတစ်စုံ၊ လေးပေဝိုင်းခုံတစ်စုံ၊ ဧရာဝတီတိုင်းဒေသကြီး အမှတ် (၁၈) သစ်စက်ပုသိမ်မှ လေးပေဝိုင်းခုံတစ်စုံ၊ အမှတ် (၁၀၆) သစ်စက်ရေကြည်မှ သုံးပေဝိုင်းခုံတစ်စုံ စုစုပေါင်း ၁၀ စုံတို့ဖြစ်သည်။ ယင်းသစ်စက်များကို ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောဖြင့်လည်းကောင်း၊ ရန်ကုန်-အောင်လံ-ပြည်-ပဒန်း-အမ်းလမ်းနှင့် တောင်ကုတ်- စစ်တွေကားလမ်းများမှ လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။ ၎င်းရွှေ့ပြောင်းသစ်စက်များကို စစ်တွေမြို့ရှိ ဘက်စုံသုံးဆိပ်ကမ်းတွင် လေးစုံ၊ ပြည်နယ်အကူရဲတပ်ဖွဲ့ဝင်းထဲတွင် လေးစုံ၊ သစ်ဆိုင်ဝင်းတွင် နှစ်စုံဖြန့်ခွဲထားရှိ၍ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

**ဝန်ထမ်းများ စုဖွဲ့စေလွှတ်**

အထက်ဖော်ပြပါ သစ်စက်များ လည်ပတ် ခွဲစိတ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းစုစုပေါင်း ၁၇၉ ဦးကို ရခိုင်ပြည်နယ် စစ်တွေမြို့သို့ စေလွှတ်ပေးခဲ့သည်။ ဝန်ထမ်းအင်အားများပြားသလို ရာထူးအခေါ်အဝေါ်များကလည်း စုံလင်လှ၏။ ရာထူးကြီးသည်ငယ်သည် အပေါ်အောက်တွေ အသာထား၊ ကျွန်တော် လေ့လာမိသမျှ ရေးချရလျှင် အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာ၊ လက်ထောက် အထွေထွေမန်နေဂျာ၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူး၊ အငယ်တန်းလက်ထောက်၊ ဝိုင်းဆရာ၊ မီးသတ်တပ်ကြပ်၊ စက်ပြင်-၅၊ စက်မောင်း၊ လုပ်သား၊ သစ်စာရင်းကိုင်၊ ပစ္စည်းထိန်း၊ စက်မှုကျွမ်းကျင်၊ နေ့စားဝန်ထမ်း၊ မြဲလုပ်သား(အကူ) ဆိုသည်များ တွေ့ရသလို သစ်တောဘက်ကလည်း သစ်အုပ်၊ ချောင်းခေါင်းများ ပါသည်။ ဆင်ဦးစီးကချည်းပင် အယောက် ၂၀ တွေ့ရသည်။ ဆင်အုပ်နှင့် ဆင်ပဲ့ချိတ်ဆိုသော ရာထူးများကလည်း ခပ်ဆန်းဆန်းပင်။ နောက်ဆုံးတွင်မူ မည်သည့်ဖွဲ့စည်းပုံ၊ မည်သည့်ရာထူးနှင့်ပင် ရောက်လာလာ၊ သူတို့၏ အဓိကလုပ်ငန်းတာဝန်မှာ မုန်တိုင်းသင့်ဒေသများရှိ ဆေးရုံများ၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ရေး၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး၊ ပျက်စီးသွားသောတံတားများ ပြုပြင်တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သောသစ်များကို အမြန်ခွဲစိတ်ပေးပို့သွားရန်ပင်ဖြစ်သည်။ သူတို့၏ စုပေါင်းစွမ်းအားကြောင့် စစ်တွေမြို့တွင် လွှဝိုင်းအသီးသီးက ထွက်ပေါ်လာသော စက်သံများဖြင့် ညံနေပါတော့သည်။

အထက်ဖော်ပြပါလွှဝိုင်း ၁၀ စုံ၊ ဝန်ထမ်း ၁၇၉ ဦးတို့ဖြင့် ဒေသ၏ သစ်လိုအပ်ချက်များကို လုံလောက်အောင် ဆောင်ရွက်ပေးရန် မလွယ်ကူပါ။ သည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စစ်တွေမြို့တွင် ရွှေ့ပြောင်းသစ်စက်များနှင့် သစ်ခွဲသားများ ခွဲစိတ်ခြင်း၊ ရန်ကုန်မြို့မှ သင်္ဘောများဖြင့် သစ်ခွဲသားများ တင်ပို့ခြင်းတို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ အမ်း၊ မောင်တော၊ ပေါက်တော၊ တောင်ကုတ်နှင့် သံတွဲမြို့များမှ ပုဂ္ဂလိကပိုင်သစ်စက်များကို ငှားရမ်း၍ သစ်ခွဲသားများ ခွဲစိတ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို စီမံဆောင်ရွက်ပေးနေသည်။ စုစုပေါင်းပုဂ္ဂလိကသစ်စက် ၂၂ ခုပါဝင်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရသည်။

**သစ်ခွဲသားများ ဖြန့်ဖြူးပို့ဆောင်ပေး**

ရန်ကုန်မှ သစ်ခွဲသားများကို M.V AQUARIUS၊ M.V FORTUNE၊ MCL-5၊ MCL-3 ၊ M.V CHARITY၊ ဝိရူပက္ခအစရှိသော ရေယာဉ်ကြီးများဖြင့် တင်ဆောင်၍ စစ်တွေသို့ ပို့ဆောင်ပေးသည်။ ထိုနည်းတူစွာ ရခိုင်ပြည်နယ်အတွင်းရှိ တောင်ကုတ်၊ သံတွဲ၊ အမ်းမြို့များမှ သစ်ခွဲသားများကိုလည်း တပ်မတော်ရေယာဉ်များ၊ ပုဂ္ဂလိကပိုင်ရေယာဉ်များ၊ သစ်တင်ယာဉ်များဖြင့် စစ်တွေမြို့သို့ အရောက်ပို့ဆောင်ပေးသည်။ ရောက်ရှိလာသော သစ်များ၊ စစ်တွေတွင် ခွဲစိတ်နေသောသစ်များကို မိုခါမုန်တိုင်းဒဏ် အများဆုံးခံခဲ့ရသည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦးနှင့် မောင်တောမြို့နယ်တို့သို့ စနစ်တကျ ဖြန့်ဝေပေးပို့လျက်ရှိသည်။

**မြို့သန့်ရှင်းရေးအတွက် ကူညီဆောင်ရွက်**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် လိုအပ်သောသစ်ခွဲသားများကို အချိန်မီ ထုတ်လုပ်ဖြန့်ဖြူးပေးရေး ဆိုသည့် အဓိကလုပ်ငန်းတာဝန်အပြင် စစ်တွေမြို့ သန့်ရှင်းသာယာလှပရေး အတွက် ပြန်လည်ရှင်းလင်းဆောင်ရွက်နေသည့်လုပ်ငန်းများတွင်လည်း ပါဝင်ထမ်းဆောင်နေသည်။ ထိုသို့ပါဝင် ဆောင်ရွက်နိုင်ရန် Loader ယာဉ်လေးစီးကို ယာဉ်မောင်း ရှစ်ဦးဖြင့်လည်းကောင်း၊ Chain Saw/စက်လွှ ၂၄ လက်ကို ဝန်ထမ်း ၂၈ ဦးဖြင့်လည်းကောင်း ပါဝင်ထမ်းဆောင်လျက်ရှိသည်။

> **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် လိုအပ်သောသစ်ခွဲသားများကို အချိန်မီထုတ်လုပ်ဖြန့်ဖြူးပေးရေးဆိုသည့် အဓိကလုပ်ငန်းတာဝန်အပြင် စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် ပြန်လည်ရှင်းလင်းဆောင်ရွက်နေသည့် လုပ်ငန်းများတွင်လည်း ပါဝင်ထမ်းဆောင်နေသည်။ ထိုသို့ပါဝင်ဆောင်ရွက်နိုင်ရန် Loader ယာဉ်လေးစီးကို ယာဉ်မောင်းရှစ်ဦးဖြင့်လည်းကောင်း၊ Chain Saw/စက်လွှ ၂၄ လက်ကို ဝန်ထမ်း ၂၈ ဦးဖြင့် လည်းကောင်း ပါဝင်ထမ်းဆောင်လျက်ရှိ**

**သစ်ပင်များပြန်လည်စိုက်ပျိုးရန် စီမံချက်ရေးဆွဲဆောင်ရွက်**

နိုင်ငံတော်အကြီးအကဲ၏ မေလ ၁၅ ရက်နေ့ ရခိုင်ပြည်နယ်ခရီးစဉ်၌ အုန်းပင်အပါအဝင် ဒေသနှင့်ကိုက်ညီသော မုန်တိုင်းဒဏ်ခံအပင်များကို ပြန်လည်စိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့သည်။ ယင်းလမ်းညွှန်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်မြို့တော် စစ်တွေတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းစီမံချက်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့်အညီ ရေးဆွဲခဲ့ပါသည် -

(က) စစ်တွေမြို့ ပြန်လည်စိမ်းလန်းစိုပြည်သာယာလှပလာစေရန်၊
(ခ) ဆိုင်ကလုန်းမုန်တိုင်း အပါအဝင် အခြားသဘာဝဘေးအန္တရာယ်များအား တားဆီးကာကွယ်နိုင်ရန်၊
(ဂ) ရာသီဥတု ကောင်းမွန်မျှတပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်၊
(ဃ) ရခိုင်ပြည်နယ်၏ သစ်တောဖုံးလွှမ်းမှုကို တိုးတက်လာစေရန်။

ယင်းစီမံချက်အရ စစ်တွေမြို့နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရန်နှင့် သဘာဝဘေးဒဏ်ခံနိုင်ရန်အတွက် လေကာပင်များ၊ အရိပ်ရပင်များ၊ အမြဲစိမ်းအပင်များ၊ အကြီးမြန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်သည့် ပန်းပင်များ၊ ဒီရေတောပင်များ စုစုပေါင်းအပင် ၂၀၄၂၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ ရေသင်းဝင်၊ ပင်လယ်ကဗွီး၊ အုန်း၊ ဗာဒံ၊ ခရေ၊ သင်္ဘောတည်၊ ရေတမာ၊ ပျဉ်းမ စသည့်အပင်မျိုးများ၊ ဒီရေတောအပင်များဖြစ်သည့် ဖြူးခြေထောက်၊ သမဲ့ကြီး၊ လမု စသည့်အပင်များသည် အရွက်သေး၍ ရေသောက်မြစ်ရှည်ခြင်း၊ ဘေးမြစ်များ ရှည်လျားပြန့်ကားပြီး မြေဆီလွှာတွင် ခိုင်မြဲစွာကုပ်တွယ်နိုင်ခြင်း၊ ပင်စည်နှင့် ကိုင်းတက်များ ယိမ်းနွဲ့ကွေးညွှတ်မှုအားကောင်းခြင်း၊ အပင်လတ်အမျိုးအစားဖြစ်ပြီး သင့်တင့်သော ရွက်အုပ်အရွယ်အစားရှိခြင်းတို့ကြောင့် လေပြင်းမုန်တိုင်းဒဏ်ခံနိုင်ပြီး ပျက်စီးမှုနည်းပါးကြောင်း သိရသည်။ ထိုအပင်များကိုလည်း နေရာကိုက်ညီစွာ စိုက်ပျိုးပေးသွားမည်ဖြစ်သည်။

သစ်ပင်ကိုခုတ်၊ သစ်များကို ထုတ်ပြီး ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသလို ရခိုင်ဒေသတစ်ခွင် ပြန်လည်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက်လည်း သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သူတို့ကူညီပေးကြပါဦးမည်။ ဖြစ်ထွန်းလာမည့်သစ်တော သစ်ပင်များကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရင်း ရခိုင်တိုင်းရင်းသားသွေးချင်းများအားလုံးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများအား ကျေးဇူးတင်စွာ အမှတ်ရနေကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဧရာဝတီမြစ်၏ ရေအရင်းအမြစ်၊ ရေလမ်းကြောင်းစီးဆင်းမှု၊ မြစ်ကြောင်းတစ်လျှောက် အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှုအခြေအနေ၊ မြစ်ကမ်းပါးဝဲ၊ ယာ မြေမျက်နှာသွင်ပြင် ဘူမိဗေဒအခြေအနေများ ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇွန် ၂၉

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၏မြောက်ဘက် ငါးမိုင်ခန့်အကွာရှိ ဧရာဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှုအခြေအနေ၊ မြစ်ကမ်းပါးဝဲ၊ ယာ မြေမျက်နှာသွင်ပြင် ဘူမိဗေဒအခြေအနေ၊ ရေတားတမံများ အခြေအနေနှင့် ကမ်းပြိုမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့၏ မြောက်ဘက် ငါးမိုင်ခန့်အကွာ ဖောင်ဆိပ်ကျေးရွာနှင့် ကျောက်ရဲကျေးရွာအကြားရှိ ဧရာဝတီမြစ်၏ ရေအရင်းအမြစ်နေရာသို့ ရောက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြစ်ပြင်အကျယ်၊ ရေစီးနှုန်း၊ ရေစီးထုထည်၊ မြစ်ရေအနက်၊ တာတမံများဖို့၍ ထိန်းသိမ်းထားမှု၊ မြစ်ကမ်းများ အခြေအနေနှင့် ပင်လယ်ရေငန်ရောက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က ဧရာဝတီမြစ်ဝှမ်းဆိုင်ရာ အချက်အလက်များ၊ ဟင်္သာတမြို့အနီးရှိ ဧရာဝတီမြစ်၏ ရေလမ်းကြောင်း၊ ရေမျက်နှာပြင် အနိမ့်အမြင့်ကွာခြားချက်၊ ရေအတိမ်အနက်နှင့် ယခင် လေ့လာဆန်းစစ်ခဲ့သော ဧရာဝတီမြစ်နေရာများနှင့် နှိုင်းယှဉ်လေ့လာတွေ့ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နေရာငါးနေရာတွင် အခြေအနေများကို ကြည့်ရှုခဲ့ပြီး ဖြစ်သည့်အတွက် အကြို စူးစမ်းလေ့လာမှုများ ဆောင်ရွက်ရန် သင့်လျော်သည့် နေရာများတွင် ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် သက်ရောက်နိုင်မှုများအပေါ် အခြေခံ၍ အသေးစိတ် စူးစမ်းလေ့လာမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြစ်ကြောင်းပြောင်းလဲမှု၊ မြစ်ကမ်းပါးရေတိုက်စားမှု၊ ရေတားတမံများအပေါ် အကျိုးသက်ရောက်မှုများအပြင် မြစ်အတွင်း သွားလာလျက်ရှိသည့် ရေယာဉ်များ၏ အရွယ်အစား၊ အမျိုးအစား၊ ရေယာဉ် အရေအတွက်စသည့် အချက်အလက်များကိုပါ စဉ်ဆက်မပြတ်လေ့လာသွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်လှေဖြင့် ဧရာဝတီမြစ်အတွင်း လှည့်လည်ပြီး မြစ်ရေစီးဆင်းနေမှု၊ မြစ်ကြောင်းအတွင်း အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု၊ ရေကြောင်းသွားလာမှု၊ မြစ်ကမ်းပါးဝဲ၊ ယာရှိ ဘူမိဗေဒအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် နေရပ်ပြန်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

လွိုင်ကော် ဇွန် ၂၉

ကယားပြည်နယ် အစိုးရအဖွဲ့မှ ဒီးမော့ဆိုခရိုင် ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် နေရပ်ပြန်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လွိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ် သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးကို ဦးတည်ချက်ထား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ နေရပ်ပြန်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးနှင့် စိုက်ပျိုးရေ၊ သောက်သုံးရေရရှိစေရေးတို့ကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ မူလလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းလာစေရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တက်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆန်၊ ဆီများကို ထောက်ပံ့ပေးအပ်ခဲ့သည်။




ယင်းနောက် တက်ရောက်လာကြသော နေရပ်ပြန်ပြည်သူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး နေရပ်ပြန်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကအခမ်းအနားသို့တက်ရောက်လာကြသော နေရပ်ပြန်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ရှိ လိုအပ်သောနေရာများသို့ ကြက်ခြေနီက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

ကျောက်တော် ဇွန် ၂၉

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရခိုင်ပြည်နယ်ရှိ လိုအပ်သောနေရာများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ



ပေးအပ်လျက်ရှိရာ ကျောက်တော်မြို့နယ် ကြာညိုပြင်ကျေးရွာ၊ သရက်တပင်ကျေးရွာ၊ သိန်းတန်းကျေးရွာ၊ ပြင်လှကျေးရွာနှင့် စနစ်သစ်ကျေးရွာတို့မှ ဒေသခံပြည်သူများအတွက် အသင်းမှထောက်ပံ့သော အစားအစာမဟုတ်သောပစ္စည်းများနှင့် သောက်ရေသန့်ကတ်များ၊ ခေါက်ဆွဲခြောက်နှင့် ကြက်အူချောင်းများကို ရခိုင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ထွေးနှင့် ရခိုင်ပြည်နယ်စီမံချက်များစီမံခန့်ခွဲရေးယူနစ် ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်းတို့ကဦးဆောင်ပြီး ကြက်ခြေနီဝန်ထမ်းများ၊ ဒေသခံ ကြက်ခြေနီစေတနာလုပ်အားရှင်များက ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ပေးခဲ့သည်။

**ထောက်ပံ့ကူညီ**

ထိုသို့ ထောက်ပံ့ပေးရာတွင် အဆိုပါကျေးရွာများမှ အိမ်ထောင်စုပေါင်း ၁၅၀ အတွက် မိသားစုသုံးပစ္စည်း ၉၁ ပုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းအိတ် ၁၅၀၊ အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း၁၃၃အိတ်၊ အမျိုးသမီးတစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ၁၃၇အိတ်၊ ဆပ်ပြာတောင့်၁၅၀၊ ကလေး (၁နှစ်ခွဲမှ၂နှစ်ခွဲ) အဝတ်အထည် ၆၁ထုပ်၊ လက်သမားသုံး အိမ်ဆောက်ပစ္စည်းအိတ် ၄၆ အိတ်၊ မီးဖိုချောင်သုံးပစ္စည်း ၅၉ ပုံး၊ တာပေါ်လင် ၁၁၈ စ၊ ခြင်ထောင် ၅၉ လုံး၊ စောင်၅၉ထည်၊ ၂၀လီတာဆံ့ သောက်ရေထည့်ပုံး၁၅၀၊ တစ်လီတာ ခြောက်ဘူးပါ သောက်ရေသန့်ကတ် ၁၅၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၅၀၀၊ ကြက်အူချောင်းထုပ် ၁၅၀ တို့ကိုထောက်ပံ့ကူညီပေးခဲ့ပြီး ဒေသခံပြည်သူများကို ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့် သန့်လေးသန့် ကျန်းမာရေးအသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကူအညီလိုအပ်နေသည့် နေရာများသို့ စားရေရိက္ခာများ၊ ရေနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ အမိုးအကာများ၊ အဝတ်အထည်များနှင့် ငွေသားများ ထောက်ပံ့ကူညီနိုင်ရန် ဆက်လက်ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းအောင်(ကြက်ခြေနီ)**

**ဓာတ်ပုံ – ထွန်းအောင်ကျော်(ကြက်ခြေနီ)**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ပြလို့ရေနံအစမ်းတွင်းနှင့် အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တူးဖော်လျက်ရှိသော ပြလို့ရေနံအစမ်းတွင်းများနှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြလို့ရေနံအစမ်းတွင်းဒေသသို့ရောက်ရှိပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် တွင်းတူးစက်အမှတ် D3 T2 Series 2 ဖြင့် တူးဖော်နေသော တွင်းအမှတ် NW–1–1 ၏ တွင်းတူးဖော်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက တွင်းတူးဖော်ရသည့် ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာအချက်အလက်များနှင့် တွင်းတူးဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြေအောက်ဘူမိဗေဒအခြေအနေများကို လေ့လာလမ်းညွှန်ပြီး တွင်းတူးဖော်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး... ဧရိယာလုံခြုံရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွင်းတူးစက်အမှတ် ZJ 50D Series 2 ဖြင့် တူးဖော်ပြီးစီးခဲ့သော တွင်းအမှတ် NW–3–1 ၏ စမ်းသပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက စမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ ဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ စက်ရုံမှူးက စက်ရုံ၏ ယခင်လည်ပတ်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေ၊ ရပ်ဆိုင်းခဲ့သောစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရေးပြုပြင်ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ယခုအခါ စက်ရုံမှ $CO_2$ ထုတ်လုပ်နိုင်သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိနေမှု၊ စက်ရုံကို ပြန်လည်လည်ပတ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဓိကထားဆောင်ရွက်ခဲ့မှု၊ Process အဆင့်ဆင့်ကို စနစ်တကျ ကူးပြောင်းဆောင်ရွက်နေမှု၊ မကြာမီ ယူရီးယားဓာတ်မြေဩဇာထွက်ရှိမည်ဖြစ်ပြီး စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျလေ့ကျင့်သင်ကြားပေးနေမှုများကို ဖြည့်စွက်တင်ပြသည်။

**မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ပြည်တွင်းမှ ပိုမိုတိုးတက်ထုတ်လုပ်ရန်အတွက် အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ) ကို လည်ပတ်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ထုတ်လုပ်မှုသည် Reaction အဆင့်ဆင့်ဓာတ်ပြုထုတ်လုပ်ရသော စက်ရုံဖြစ်သောကြောင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများအား အမှတ်တရ သစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံပြန်လည်လည်ပတ်နိုင်ရေး စက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

သတင်းစဉ်



## တရားမဝင်ကျားဖောင်များ လျှော့နည်းပပျောက်ရေး အသိပညာပေး

ဖျာပုံ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင် လျှော့နည်းပပျောက်စေရေး အင်္ဂလန်ကျားဖောင် အဓိကလုပ်ကိုင်သည့် နောက်မီးကျေးရွာနှင့် ခါးပြတ်ကျေးရွာတို့ရှိ ရေလုပ်ငန်းရှင်များအား အသိပညာပေးဟောပြောခြင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက နောက်မီးကျေးရွာရှိ ရေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

အဆိုပါအသိပညာပေးပွဲသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လင်းနှင့်အတူ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်တို့က Closed Season ကာလအတွင်း တရားမဝင်ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေး အင်္ဂလန်ကျားဖောင်လုပ်ကိုင်ခွင့်ရ ရေယာဉ်တစ်စင်းလျှင် ရှစ်ဖောင်သာ လုပ်ကိုင်ရေး၊ ခွင့်ပြုကိရိယာအတိုင်း လုပ်ကိုင်စေရေးတို့ကို ၂၀၂၃–၂၀၂၄ ခုနှစ် လုပ်ငန်းရာသီမစတင်မီ တွေ့ဆုံဆွေးနွေးပြောကြားခြင်းဖြစ်သည်။

ပညာပေးဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ ရေလုပ်ငန်းရှင်များ၊ အသင်းဥက္ကဋ္ဌ အပါအဝင် ခါးပြတ်ကျေးရွာမှ ရေလုပ်ငန်းရှင် ၅၄ ဦးနှင့် နောက်မီးကျေးရွာမှ ရေလုပ်ငန်းရှင်၄၀ တို့တက်ရောက်ကြပြီး တရားမဝင် ကျားဖောင်ပပျောက်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရန်တင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

## သုံးခွမြို့နယ် မှော်ဝန်းသုံးခွချောင်းအတွင်း ငါးကောင်ရေ ၁၀ သိန်း မျိုးစိုက်ထည့်

သုံးခွ ဇွန် ၂၉

သုံးခွမြို့နယ် မှော်ဝန်းသုံးခွချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သန်လျင်ခရိုင် သုံးခွမြို့နယ် မှော်ဝန်းသုံးခွချောင်း အမှတ်(၁၂)ရပ်ကွက် ဘုရားလေး မော်တော်ဆိပ်တွင် ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးမြင့်ရွှေ၊ သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။ ငါးမျိုးစိုက်ထည့်ရာတွင် နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသိန်း၊ ရွှေဝါငါးကြင်း နှစ်သိန်း၊ ငါးမြစ်ချင်း သုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## မြန်အောင်၌ ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေးစစ်ဆေးခြင်း ဆောင်ရွက်

မြန်အောင် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်အောင်နေခြည်ဈေး၌ ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်အိတ် မသုံးစွဲရေး အသိပညာပေးစစ်ဆေးခြင်းကို ယမန်နေ့နံနက်က ဆောင်ရွက်သည်။

ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဈေးအတွင်း အသားငါးများနှင့်ဟင်းသီးဟင်းရွက်များစသည့် အသုံးအဆောင်ပစ္စည်းများကို ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူများဖြင့် အစားထိုးသုံးစွဲရောင်းချနေမှုကို လိုက်လံကြည့်ရှု၍ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလောမြို့နယ်၌ လမ်းသစ်တည်ဆောက်ခြင်းနှင့် လမ်းဟောင်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

ကလော ဇွန် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် ပြည်သူများသွားလာရေးအဆင်ပြေစေရန် လမ်းသစ်တည်ဆောက်ခြင်းနှင့် လမ်းဟောင်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန်လအတွင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများသွားလာရေးအဆင်ပြေစေရန်အတွက် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ကလောမြို့နယ် အောင်ပန်းမြို့ မိုးကောင်းရပ်ကွက် ရှင်ဘို့မယ်လမ်း ပေ ၅၄၀ x ၁၂ ပေကို ခန့်မှန်းကုန်ကျငွေကျပ် ၁၉၉ ဒသမ ၇ သိန်းဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဇွန်လအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ROSATOM တို့ ပူးပေါင်းဆောင်ရွက်သော သိပ္ပံပွဲတော် ၂၀၂၃ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ROSATOM တို့ ပူးပေါင်းဆောင်ရွက်သော သိပ္ပံပွဲတော် ၂၀၂၃ (Science Festival 2023) ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာသတင်း အချက်အလက်စင်တာတို့တွင် ဆက်လက်ကျင်းပသည်။

သိပ္ပံပွဲတော် ဒုတိယနေ့သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ ROSATOM မှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute) မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ HackAtomပြိုင်ပွဲဝင် အသင်း ၁၁ သင်းတို့မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက နျူကလီးယား နည်းပညာဖြင့် လျှပ်စစ်စွမ်းအား ထုတ်လုပ်မှု၊ Nuclear Medicine စသည့် ငြိမ်းချမ်းစွာအသုံးပြုမှုဆိုင်ရာ အသိပညာများကို ပြည်သူများထံ ထိရောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်တွေ့ကျသော နည်းလမ်းများရှာဖွေပြီး ၂၄ နာရီအတွင်း ၎င်းတို့ဆောင်ရွက်ထားရှိသည့် အင်တာနက် Application နှင့် Website များ ဖန်တီးမှုနှင့် ရလဒ်များကို Power Point များဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute)မှ ပါမောက္ခများ ပူးပေါင်းဆောင်ရွက်သော ဘုတ်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ROSATOM နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Mr. Andrey Belyakov တို့က ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် အသင်း သုံးသင်းကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။




**တက်ရောက်လေ့လာ**

အဆိုပါ HackAtom ပြိုင်ပွဲသို့ ရန်ကုန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ကြပြီး ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဌာနများရှိသုတေသနနှင့် လက်တွေ့စမ်းသပ်ခန်းများတွင်လေ့လာကြကာ နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများသို့ တက်ရောက်လေ့လာကြသည်။



**မေးမြန်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲများတွင် အဏုမြူစွမ်းအင် ဦးစီးဌာနက Overview on the Nuclear Industry Development in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရုရှားနျူကလီးယားပညာရှင်က Nuclear Energy Development from Antiquity to the Present Days ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာနရှိ ဘွဲ့ကြို ကျောင်းသား တစ်ဦးက Low-carbon Energy Source ခေါင်းစဉ်တို့ဖြင့် လည်းကောင်း ဆွေးနွေးကြရာ လေ့လာသူ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နျူကလီးယား နည်းပညာ သတင်းအချက်အလက်စင်တာတွင် သိပ္ပံပွဲတော် ၂၀၂၃ ဒုတိယနေ့ အစီအစဉ်များကို ကြည့်ရှုအားပေးပြီး လာရောက်လေ့လာကြသော အခြေခံပညာမှ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ယနေ့တွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ဒဂုံ) နှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း(အလုံ)တို့မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူ စုစုပေါင်း ၄၀၀ ခန့် လာရောက်လေ့လာကြပြီး Nuclear Sprint Zone၊ Chronograph Zone၊ Jenga in Physics Zone နှင့် Master Class လက်တွေ့သင်တန်းတို့တွင် နျူကလီးယား နည်းပညာနှင့် သိပ္ပံဆိုင်ရာ လက်တွေ့ စမ်းသပ်မှုများ ဆောင်ရွက်ကြသည့် အပြင် အုပ်စုလိုက် နျူကလီးယားနှင့် သိပ္ပံဆိုင်ရာ ဉာဏ်စမ်းဂိမ်း ယှဉ်ပြိုင်မှုများ ဆောင်ရွက်ကြရာ ROSATOMမှ တာဝန်ရှိသူများက အနိုင်ရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၈)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၉**

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့် ကိုယ်စားလှယ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။




ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Dian Triansyah Djani နှင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစား သံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈)ကြိမ်မြောက် အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ ဘီလင်တွန်း၌ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၇)ကြိမ်မြောက်အစည်းအဝေး၏ အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်များကိုအတည်ပြုခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက်စာတမ်းနှင့် နောက်ဆက်တွဲစာတမ်းများ ရေးဆွဲရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် "တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူဗဟိုပြုအာဆီယံ" ဆောင်ပုဒ်ဖြင့် ရေးသားပြုစုမည့် အာဆီယံမျှော်မှန်းချက်စာတမ်း ၂၀၄၅ မူကြမ်းပါ အချက်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးကအာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်စာတမ်းသည် အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက မှတ်တမ်းတင်ခဲ့သည့် အဓိကသဘောတရားများ(Core Elements) ကို အခြေခံသင့်ကြောင်း၊ မျှော်မှန်းချက်စာတမ်းမူကြမ်းရေးဆွဲရာတွင် အာဆီယံအသိုက်အဝန်း၏ အခြားမဏ္ဍိုင် နှစ်ရပ်ဖြစ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်တို့နှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

ထို့ပြင် အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံ၏ အခြားစာချုပ်စာတမ်းများတွင် ပြဋ္ဌာန်းထားသည့် အခြေခံမူများ၊ စံနှုန်းများ၊ ရည်ရွယ်ချက်များကို လေးစားလိုက်နာခြင်းသည် ဒေသတွင်းမတူညီကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှုရှိစေနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံကို နိုင်ငံတကာမှ အသိအမှတ်ပြုရသည့် အဖွဲ့အစည်းအဖြစ် ဆက်လက်ထိန်းသိမ်းနိုင်ရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ မျှော်မှန်းချက်စာတမ်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ အချိန်မီတင်ပြရန် အပြီးသတ်ရေးဆွဲမည့်လမ်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံစားခဲ့ရသည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲနှင့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**စစ်တွေ ဇွန် ၂၉**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် May Yu Stars Development Company Limited က အလှူငွေ ကျပ်သိန်း ၃၀၀၊ ဖူလီလိုက်ကုမ္ပဏီအုပ်စုက အလှူငွေ ကျပ်သိန်း ၂၀၀၊ ဒေါ်တင်အေး ကျောင်းဆရာမကြီး(ငြိမ်း)က အလှူငွေကျပ် ငါးသိန်းနှင့် ဦးညွန့်ဝေ-ဒေါ်စုစုခိုင်မိသားစုက အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၂) စက်မှုလယ်ယာစခန်း၌ ကျင်းပသည့် မိုခါမုန်တိုင်းသင့်တောင်သူများ၏ လယ်ယာမြေများ ထွန်ယက်ရန် တောင်သူများအတွက် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများ၏ လယ်ယာမြေများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လက်တွန်းထွန်စက် ၁၄ စီးနှင့် Mini Tractor ၁၀ စီးကို အခမဲ့ တစ်ရာသီငှားရမ်းပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ငှားရမ်းပေးမည့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျအသုံးပြုတတ်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းတွင် စိတ်ပါဝင်စားစွာ လေ့လာသင်ယူမှတ်သားခြင်းဖြင့် လယ်ယာမြေများကို နည်းစနစ်မှန်မှန်၊ အချိန်မီ ထွန်ယက်စေနိုင်မည်ဖြစ်ကြောင်း၊ စက်ကိရိယာများကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေကြေးကုန်ကျမှု နည်းပါးခြင်းနှင့် သီးနှံအရည်အသွေးမြင့်မားလာစေခြင်းတို့ကြောင့် တောင်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။



### ရှင်းလင်းပြောကြား

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရတို့က စစ်တွေ၊ ရသေ့တောင်နှင့် ပေါက်တောမြို့နယ်တို့သို့ လယ်ယာသုံးစက်ကိရိယာများကို ပေးအပ်ကြပြီး သင်တန်းသား တောင်သူ ၃၆ ဦးကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တွင်းရေကြောင်းဦးစီးဌာနပိုင် မင်းဂံဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များက ကုလားတန်-၆ သင်္ဘောပေါ်သို့ ရသေ့တောင်မြို့နယ်အတွက် ခွဲဝေဖြန့်ဖြူးသည့် အထွက်တိုး မျိုးစပါးအိတ်များ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် စစ်တွေမြို့ရှိ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ရခိုင်ပြည်နယ် စစ်တွေတက္ကသိုလ်အတွင်းနှင့် အမှတ်(၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့၌ ပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ကျောင်းဆောင်အတွင်း လျှပ်စစ်သွယ်တန်းထားရှိမှုတို့ကိုလည်းကောင်း၊ စစ်တွေဂေါက်ကွင်းနှင့် ရခိုင်ပြည်နယ် လွှတ်တော်ရုံးအတွင်းရှိ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ကို ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်လွှတ်တော်ရုံးအတွင်းရှိ ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတို့မှ တစ်ဆင့် ပြည်နယ်လွှတ်တော်သို့ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်း ၇၂ ရာခိုင်နှုန်းခန့်၊ ၆၆ ကေဗွီရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျေးရွာဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ရမည့် ကျေးရွာစုစုပေါင်း ၃၂၇ ရွာရှိသည့်အနက် ဆောင်ရွက်ပြီး ကျေးရွာ ၇၉ ရွာ၊ ဆောင်ရွက်ဆဲကျေးရွာ ၄၉ ရွာဖြစ်ကာ စုစုပေါင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ၄၉ ဒသမ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ စစ်တွေမြို့ပေါ်ရှိ တက္ကသိုလ်၊ ဌာနဆိုင်ရာရုံးများ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ စစ်တွေတက္ကသိုလ်ကို ဇွန် ၁၀ ရက်တွင်လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်ကို ဇွန် ၁၂ ရက်တွင်လည်းကောင်း၊ နည်းပညာအထက်တန်းကျောင်းကို ဇွန် ၂၀ ရက်တွင် လည်းကောင်း၊ နည်းပညာတက္ကသိုလ်ကို ဇွန် ၂၂ ရက်တွင်လည်းကောင်း၊ အမှတ်(၃၆) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲကို ဇွန် ၂၆ ရက်တွင် လည်းကောင်း ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့အနီး နန်ကျင်းစီးပွားရေးဇုန်တည်ဆောက်ရေးဆွေးနွေးမည့် တရုတ်နိုင်ငံမှ ကောင်စစ်ဝန်တစ်ဦး ပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်မှပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ရှင်းလင်းဖြေကြား

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးမှာ နန်ကျင်းစီးပွားရေးဇုန်တည်ဆောက်ရေး ဆွေးနွေးရန်အတွက် တရုတ်နိုင်ငံမှ ကောင်စစ်ဝန်တစ်ဦး ပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်က ပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလို ဖြေကြားထားပါသည်။




ကချင်ပြည်နယ် မြစ်ကြီးနားသတင်းနဲ့ ပတ်သက်ပြီး တချို့မီဒီယာတွေ မေးမြန်းတာရှိခဲ့တယ်။ တချို့မီဒီယာများ၊ပြည်ပမီဒီယာများကလည်း မဟုတ်မမှန် ထုတ်လွှင့်တာလည်းရှိတယ်။ ဇွန်လ ၂၇ ရက်နေ့တွင်တရုတ်နိုင်ငံကောင်စစ်ဝန် တစ်ဦးပါဝင်တဲ့အဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးမှာ တည်ဆောက်မယ့် နန်ကျင်းစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ မြစ်ကြီးနားကို ထွက်ခွာလာတဲ့အချိန်မှာ ပစ်ခတ်ခံရတယ်။ ပစ်ခတ်တဲ့အဖွဲ့ကလည်း နယ်ခြားစောင့်တပ်ဖွဲ့ဖြစ်တယ်လို့ စွပ်စွဲ မဟုတ်မမှန်လုပ်ကြံတဲ့ သတင်းများကို တွေ့ရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မီဒီယာများကလည်း ကျွန်တော့်ကို မေးမြန်းထားတာရှိပါတယ်။ ဖြစ်စဉ်ကတော့ တရုတ်နိုင်ငံက ကောင်စစ်ဝန်လည်း မဟုတ်ပါဘူး။ သူတို့ပြောနေတဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ နန်ကျင်းစီးပွားရေးဇုန်နဲ့ပတ်သက်တဲ့ကိစ္စလည်း မဟုတ်ပါဘူး။ နယ်ခြားဒေသမှာ တပ်မတော်အချင်းချင်း ပုံမှန်လစဉ် ဆွေးနွေးနေတဲ့ ဆွေးနွေးမှုများရှိပါတယ်။ နယ်စပ်ဒေသလုံခြုံရေးနဲ့ ပတ်သက်ပြီး ပုံမှန်ဆွေးနွေးနေတဲ့ ဆွေးနွေးပွဲပဲ ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ တစ်လှည့်စီကျင်းပနေတာ ဖြစ်ပါတယ်။ အလားတူပါပဲ မြန်မာနိုင်ငံနဲ့ထိစပ်နေတဲ့ တိုင်းပြည်တွေမှာလည်း နယ်စပ်လုံခြုံရေး ပုံမှန်အစည်းအဝေးတွေ ပြုလုပ်လျက်ရှိပါတယ်။ ဒီအစည်းအဝေးကို တက်ရောက်ဖို့အတွက် တရုတ်နိုင်ငံက တပ်မတော်ဆိုင်ရာ ကိုယ်စားလှယ်များ မြန်မာနိုင်ငံကို ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်း ကံပိုင်တည်မှ လာရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တပ်မတော်နဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေက သွားရောက်ကြိုဆိုခဲ့ပါတယ်။ အဲဒီအထဲကမှ နယ်ခြားစောင့်တပ်ဖွဲ့ရဲ့ ရှေ့ပြေးဒုတိယယာဉ်က ၁၃ ကီလိုမီတာအကွာလောက်မှာ လက်နက်ငယ်နဲ့ ငါးချက်ပစ်ခတ်ခံရပါတယ်။ ထိခိုက်ဒဏ်ရာရသူ မရှိပါဘူး။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ အဲဒီနေရာမှာ လုံခြုံရေးအရ ပြန်လည်လုံခြုံမှုရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ပြန်လည်လုံခြုံမှုရရှိတဲ့အခါမှာ အဲဒီယာဉ်တန်းကို မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာခဲ့တယ်။ မူလအစီအစဉ်အတိုင်းပဲ နှစ်ဖက်တွေ့ဆုံပြီး အစည်းအဝေးများ တွေ့ဆုံခဲ့တာရှိပါတယ်။ အောင်မြင်စွာနဲ့ အစည်းအဝေးပြီးဆုံးသွားပါတယ်။ တရုတ်နိုင်ငံက တပ်မတော်ကိုယ်စားလှယ်အဖွဲ့များလည်း ပြည်ပသို့ ပြန်လည်ထွက်ခွာခဲ့ပါတယ်။ ပစ်ခတ်ခဲ့တဲ့အဖွဲ့တွေကလည်း KIA အဖွဲ့ဆိုတာ အတည်ပြုလို့ရပါတယ်။ ပစ်ခတ်ပြီးတဲ့နောက်ပိုင်းမှာ တရုတ်- မြန်မာနှစ်နိုင်ငံနဲ့ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြားမှာ အထင်လွဲမှားမှုတွေဖြစ်လာအောင် ဘေးကနေပြီးတော့ ပြည်ဖျက်မီဒီယာများအနေနဲ့ ဝိုင်းဝန်းသွေးထိုးလှုံ့ဆော်နေတာများကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လုံခြုံရေးအရ ဆက်လက်ပြီး အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတင်းယောင်သတင်းမှားတွေကို ပြည်ဖျက်မီဒီယာများကလည်း အမြဲတမ်းထုတ်လွှင့်လျက်ရှိပါတယ်။ ဒီလိုထုတ်လွှင့်မှုတွေကို သတိပြုကြဖို့လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

## ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရ

နေပြည်တော် ဇွန် ၂၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ဇွန် ၂၈ ရက် ညနေပိုင်းတွင် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


ဦးစိုးမြင့်(သေဆုံး)


ဒေါ်ခင်အေး(ဒဏ်ရာရ)

ဖြစ်စဉ်မှာ ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဇွန် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာသွားခဲ့ပြီး အဆိုပါ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက် အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အဆိုပါရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိကာ မော်တော်ဆိုင်ကယ် တစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ ပုလဲဖြူနာရေးကူညီမှုအသင်းက မော်တော်ယာဉ်ဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


တူးနိုင်၊ ခွန်ဂျက်(ခ)လီဟောက်၊ အားချို(ခ)လျှို့ပိန်းချို၊ ယော်ကျိန်ရှန့်နှင့် လောက်ရှုံး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## လားရှိုးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၆ သိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၆ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၂၁ ရက် ည ၉ နာရီက လားရှိုးမြို့ အမှတ်(၄)ရပ်ကွက်၌ တူးနိုင်၊ ခွန်ဂျက်(ခ)လီဟောက်၊ အားချို(ခ)လျှို့ပိန်းချို၊ ယော်ကျိန်ရှန့်နှင့် လောက်ရှုံးတို့ ငါးဦးကို ဒေသကာလ တန်ဖိုးငွေကျပ် သိန်း ၄၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၆ သိန်း၊ ယာဉ် သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မိုင်းရယ်မှ လားရှိုးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

မှော်ဘီ ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇွန် ၂၈ ရက် နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိခဲ့သည့် မြောက်ချောကုန်း ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိသော မြောက်ချောကုန်းကျေးရွာနေ ပြည်သူများအား စီမံကိန်း မိတ်ဆက်ရှင်းလင်းခဲ့ကာ ကျေးရွာကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၂၅၀၊ အိမ်ထောင်စု ၂၅၅ စု ရှိပြီး မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၂၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

# နွေရာသီဒါးဗို့ညီလာခံကို တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် ကျင်းပပြီးစီး

**ပေကျင်း ဇွန် ၂၉**

တရုတ်နိုင်ငံတီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် နွေရာသီ ဒါးဗို့ညီလာခံကို ယနေ့ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ ၎င်းညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းပြီးဖြေရှင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။ ၎င်းညီလာခံတွင် ဉာဏ်ရည်တုနည်းပညာ၊ အစိမ်းရောင်ကူးပြောင်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ဆွေးနွေးခဲ့ကြသည်။

၎င်းညီလာခံသို့ စီးပွားရေးကျွမ်းကျင်သူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် အစိုးရတာဝန်ရှိသူများ စုစုပေါင်း ၁၅၀၀ခန့် တက်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆယ်စုနှစ်များအတွင်း အရေးကြီးသည့် မောင်းနှင်အားအဖြစ်ရပ်တည်ခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ၎င်းညီလာခံတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယခုနှစ်ပထမသုံးလအတွင်း ၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဒုတိယသုံးလတာကာလအတွင်းထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ဈေးကွက်စီးပွားရေးမြှင့်တင်ရန်၊ လွတ်လပ်စွာကုန်သွယ်မှုကို မြှင့်တင်ရန်နှင့် ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် စဉ်ဆက်မပြတ်အနာဂတ်ကို ဖော်ဆောင်နိုင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်လီချန်းက မှတ်ချက်ပြုသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အာဖရိကဦးချိုဒေသ၌ လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိ

**ကုလသမဂ္ဂ ဇွန် ၂၉**

အာဖရိကဦးချိုဒေသ၌ ရာသီဥတုဖောက်ပြန်မှု၊ လက်နက်ကိုင်ပဋိပက္ခ၊ စားနပ်ရိက္ခာဈေးနှုန်းကြီးမြင့်မှုနှင့် ကိုဗစ်-၁၉ ရောဂါထိခိုက်ခံစားရပြီး စီးပွားရေးကျဆင်းမှုတို့ကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုများ စံချိန်တင် ဖြစ်ပွားလျက်ရှိပြီး လူဦးရေ သန်း ၆၀ ခန့် လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု အေဂျင်စီများက သတိပေးပြောကြားသည်။

ယခုနှစ်အတွင်း အဆိုပါဒေသ၌ အသက်ငါးနှစ်အောက်ကလေး ငါးသန်းခန့်သည် အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အာဖရိက ဦးချိုဒေသဌာနေမန်နေဂျာ အယ်လ်ဘရိုရှ်က ပြောကြားသည်။

ရာသီဥတုဆိုင်ရာဆောင်ရွက်မှုများသည် စားနပ်ရိက္ခာဖူလုံမှုအတွက် အဓိကသော့ချက်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အေဂျင်စီများက ဆိုသည်။

ကမ္ဘာလုံးဆိုင်ရာခန့်မှန်းချက်များအရ အယ်နီညိုရာသီဥတုအခြေအနေသည် ပိုမိုအားကောင်းလာကာ ကင်ညာနိုင်ငံအပါအဝင် အာဖရိကအရှေ့ပိုင်းဒေသအတွင်းသို့ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ဝင်ရောက်နိုင်ကြောင်း သိရသည်။

စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့်အာဖရိက ဦးချိုဒေသရှိ လူဦးရေ သန်း ၆၀ ခန့်တွင် ၄၅ နှစ်အောက် အမျိုးသမီး ၁၅ သန်းကျော်၊ ဆယ်ကျော်သက်မိန်းကလေး ၅ ဒသမ ၆ သန်းနှင့် ကိုယ်ဝန်ဆောင် မိခင် ၁ ဒသမ ၁ သန်းနီးပါး ပါဝင်သည်။

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအကြား အာဟာရချို့တဲ့မှုသည် မွေးကင်းစနှင့် နို့စို့အရွယ်ကလေးငယ်များအပေါ် ဆိုးကျိုးများ သက်ရောက်စေနိုင်ကြောင်းလည်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအေဂျင်စီများက ပြောကြားသည်။

အာဟာရချို့တဲ့သည့် မိခင်များသည်လည်း ကိုယ်ဝန်၏နောက်ဆက်တွဲပြဿနာများကို ခံနိုင်ရည်နည်းပါးလာကာ ကလေးဆုံးရှုံးနိုင်ခြေ ပိုများကြောင်းလည်း ၎င်းတို့က ဆိုသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ရေနံထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့(အိုပက်)၏ (၈)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင်လတွင်ကျင်းပမည်

**ဗီယင်နာ ဇွန် ၂၉**

ရေနံထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့(အိုပက်)၏ (၈)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲကို ဩစတြီးယားနိုင်ငံဗီယင်နာမြို့တွင် ဇူလိုင် ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

၎င်းထိပ်သီးဆွေးနွေးပွဲသို့ ရေနံထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများမှ ဝန်ကြီးများ၊နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရေနံနှင့် စွမ်းအင်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများတက်ရောက်ကြမည်ဖြစ်သည်။ ယခုနှစ် ထိပ်သီးဆွေးနွေးပွဲ၏ ဆောင်ပုဒ်မှာ စဉ်ဆက်မပြတ် အားလုံးပါဝင်သည့် စွမ်းအင်ပြောင်းလဲရေးဖြစ်ပြီး ၎င်းထိပ်သီးဆွေးနွေးပွဲတွင် စကားဝိုင်းဆွေးနွေးပွဲများ၊ ဝန်ကြီးအဆင့်တာဝန်ရှိသူများ၏ဆွေးနွေးပွဲများနှင့် ပြခန်းများပြသခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ဆွေးနွေးပွဲများအတွင်း ရေနံနှင့်စွမ်းအင်ကဏ္ဍဆိုင်ရာစိန်ခေါ်မှုများ၊ စွမ်းအင်ပြောင်းလဲရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် နည်းပညာကဏ္ဍတို့ကို ဆွေးနွေးသွားမည်ဟု သိရသည်။

၎င်းဆွေးနွေးပွဲတွင် စွမ်းအင်ကဏ္ဍအား အကျိုးသက်ရောက်မှုရှိသည့် ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ရေနံထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့၏ နိုင်ငံတကာ ထိပ်သီးဆွေးနွေးပွဲကို ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ပလက်ဖောင်းတစ်ခုဖြစ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံအတွင်း ဒရုန်းယာဉ်သုံးစွဲမှုဆိုင်ရာ စည်းမျဉ်းများထုတ်ပြန်

**ပေကျင်း ဇွန် ၂၉**

တရုတ်နိုင်ငံအတွင်း ဒရုန်းယာဉ်သုံးစွဲမှုဆိုင်ရာ စည်းမျဉ်းများကို တရုတ်နိုင်ငံတော်ကောင်စီနှင့် ဗဟိုစစ်ကော်မရှင်တို့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

၎င်းစည်းမျဉ်းများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

ဒရုန်းယာဉ်များ၏ ဒီဇိုင်း၊ ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ဒရုန်းယာဉ်နှင့်ပတ်သက်သည့် အက်ပလီကေးရှင်းများတီထွင်ခြင်း လုပ်ငန်းများကို သိပ္ပံနည်းကျစီမံခန့်ခွဲပြီး စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်သွားရေးအတွက် ၎င်းစည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည်။

ဒရုန်းယာဉ်များသုံးစွဲရာတွင် လုံခြုံရေးကျိုးပေါက်မှုများမဖြစ်စေရေးနှင့် ဒရုန်းယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၎င်းစည်းမျဉ်းများက အကူအညီပေးမည်ဖြစ်သည်။

ဒရုန်းယာဉ်ပိုင်ဆိုင်သူများသည် စနစ်တကျမှတ်ပုံတင်ရန်လိုအပ်ပြီး ဒရုန်းယာဉ်သုံးစွဲရန်အတွက် လိုအပ်သည့်နည်းပညာဆိုင်ရာ ဗဟုသုတများရှိရမည်ဖြစ်သည်။ ထို့ပြင် ဒရုန်းယာဉ်များအတွက်မပျံသန်းရဇုန်များကို သတ်မှတ်မည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာပါ တွေ့ရှိချက်များ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ကမ္ဘာ့ဘဏ်သည် နှစ်စဉ်မြန်မာ့စီးပွားရေးအခြေအနေကို စောင့်ကြည့်လေ့လာသုံးသပ်၍ တွေ့ရှိချက်များကို ခြောက်လတစ်ကြိမ် ခြုံငုံ၍ မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာကို ပြုစုထုတ်ပြန်လျက်ရှိပြီး ၂၀၂၃ ခုနှစ်အတွက် ဒုတိယအကြိမ်အစီရင်ခံစာဖြစ်သည့် World Bank Myanmar Economic Monitor ဆွေးနွေးပွဲကို ဇွန် ၂၈ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက World Bank နှင့် UMFCCI တို့သည် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးယခင်ကတည်းကပင် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြင်ဆင်သည့်အခါ World Bank ၏ စီးပွားရေးဆိုင်ရာ ထိုးထွင်းလေ့လာချက်များ၊အကြံပြုချက်များကိုလည်း အလေးထားထည့်သွင်းစဉ်းစားပါကြောင်း၊ စကားဝိုင်းဆွေးနွေးပွဲတွင်လည်း ထိရောက်အကျိုးရှိသည့် ဆွေးနွေးပွဲရလဒ်များကို မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက်ကမ္ဘာ့ဘဏ်၏ Country Director, Ms. Mariam Sherman က World Bank အနေဖြင့် မြန်မာနိုင်ငံအတွက် စီးပွားရေးစောင့်ကြည့်အစီရင်ခံစာကို တစ်နှစ်လျှင်နှစ်ကြိမ် ရေးသားပြုစုလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးကဏ္ဍအလိုက် စာရင်းဇယားများပြုစု၍ သုံးသပ်လျက်ရှိပြီး လက်ရှိမြေပြင်စီးပွားရေး အခြေအနေများကို ကုန်သည်စက်မှုအသင်းချုပ်နှင့် အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ရရှိသည်ဖြစ်၍ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုလိုစိန်ခေါ်မှုများသည့်ကာလတွင် နိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းများ ရှာဖွေတွေ့ရှိရန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Mr. Kim Edwards (Senior Economist and Program Leader) နှင့် Mr. Kemoh Mansaray (Senior Country Economist) တို့က Myanmar Economic Monitor June-2023 တွေ့ရှိချက်များတွင် ၂၀၂၃ ခုနှစ်အစောပိုင်း နှစ်ဝက်ကာလတွင် စီးပွားရေးအခြေအနေများ တည်ငြိမ်သည်ကိုတွေ့ရပြီး ရေရှည်တည်တံ့ခိုင်မာစေရေးအတွက်ကို အားနည်းနေသေးခြင်း၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ခြင်း၊ ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိသော်လည်း အာမခံလုပ်ငန်းများတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ခြင်း၊ အလုပ်သမားဈေးကွက်တွင် အားနည်းလျက်ရှိနေဆဲဖြစ်ခြင်းစသည်တို့ကို တွေ့ရှိရပါကြောင်း ရှင်းလင်းဆွေးနွေးသည်။




ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းခဲ့ကြသည့်အပေါ် ပြန်လည်ဖြေကြားသည်။

မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာကို World Bank's Myanmar Economic Monitor, English Version Download Link – https://shorturl.at/fqBN2 တွင် ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

❖ **မွန်ပြည်နယ်မှ**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မိုင်တိုင်အမှတ် (၁၃၁/၆) နှင့် (၁၃၁/၇) အကြား၊ တံတားအမှတ်(၃/၁၃၂)၊ အရှည် ၉၅ ပေ၊ အကျယ် ၄၁ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစား ကျုံးအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျုံးအိတ်တံတား၏ အနောက်ဘက်ခြမ်း ၆၆ ပေခန့် ပဲ့ကျပျက်စီးခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားချိန်၌ တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ယာဉ် သုံးစီးပြုတ်ကျ ပျက်စီးခဲ့ကာ အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် အဆိုပါအကြမ်းဖက်သမားများက Drop Bomb များအသုံးပြု၍ ယုတ်မာရက်စက်စွာဖြင့် အကြမ်းဖက်မှုများထပ်မံလုပ်ဆောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦးထပ်မံသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

KNLA အကြမ်းဖက်သမားများအနေဖြင့် ဇန်နဝါရီ ၆ ရက်တွင်လည်း ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော စစ်တောင်းမြစ်ကူးတံတား(နတ်သံကွင်း)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတား၏ ကမ်းကပ်ခုံနှင့် ကပ်လျက် ပေ ၁၃၀ ခန့် ပြိုကျပျက်စီးခဲ့သည်။ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိ တံတားများကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခဲ့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ ၂၄ ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှု ဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သော်လည်း မော်တော်ယာဉ်ကြီးများအတွက် သွားလာရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံးအိတ်တံတား နေရာပြပုံ။



စစ်ကိုင်းတိုင်းဒေသကြီး စမွန်းကျေးရွာ၌ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ် စမွန်းကျေးရွာအနီး ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် တိုက်ခိုက် ချေမှုန်း၊ လက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၉

NUG၊ CRPH တို့၏ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ လက်ပံတောကျေးရွာနှင့် စဥ့်ကိုင်ကျေးရွာတို့အနီး ရောက်ရှိ ခိုအောင်းနေကြောင်း အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရာ ဇွန် ၂၅ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ ၄၂ လက်နှင့် ခဲယမ်း၊ ဗုံးသီး ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် လက်နက်မျိုးစုံ ၁၂ လက်နှင့် ခဲယမ်း၊ ဗုံးသီး ဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆုတ်ခွာထွက်ပြေးသွားခဲ့သော အကြမ်းဖက်သမားအချို့သည် အခြားအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းကာ စမွန်းကျေးရွာအနီး ရောက်ရှိခိုအောင်းနေကြောင်း အကြမ်းဖက်လုပ်ရပ်များကို ရွံရှာစက်ဆုပ်မုန်းတီးပြီး PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ ထပ်မံသတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်အစောပိုင်းတွင် အဆိုပါကျေးရွာသို့ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စဉ် ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ VAN နှင့် CANDA အမျိုးအစား မော်တော်ယာဉ် နှစ်စီးပေါ်မှ ၁၀၇ မမ ရှေ့တိုက်ဒုံးသီး ငါးလုံး အပါအဝင် လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံ အတောင့် ၅၉၀၊ ခဲယမ်း၊ ဗုံးသီးမျိုးစုံ ၃၀၄ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဖြစ်စဉ်တွင် သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကို ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒရယ်မီးရပ်ကွက်နေ ဇေယျာဝင်း(ခ)ဇေယျာသည် ၎င်းအသုံးပြုသည့် "Zayar" Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကွဲခြံကျေးရွာနေ ဝင်းညွန့်(ခ)သာချိုသည် ၎င်းအသုံးပြုသည့် "Thar Cho" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **ကျောဖုံးမှ**

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် မြဝတီအသင်း ဂိုးစတင်ရရှိခဲ့သည်။ ဟိန်းဇေယျာမင်း ကန်သွင်းသည့် ပြစ်ဒဏ်ဘောကို ဒဂုံစတားဂိုးသမား အောင်ပြည့်ဖြိုးကာကွယ်သော်လည်း လက်မှလွတ်ကာ ဂိုးဝင်သွားခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသဖြင့် ဒဂုံစတားအသင်း ချေပဂိုးရရန် အားထည့်ကစားလာပြီး ၁၄ မိနစ်တွင် သိန်းတန်က ဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်း အပြီးတွင် သရေကျနေသဖြင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး ဒဂုံစတား အသင်းက ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့သည်။ ဂိုးရနိုင်သည့် အပိုင်းအခွင့်အရေး သုံးကြိမ်ထက်မနည်း ရရှိသော်လည်း အသုံးမချနိုင်သဖြင့် နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်း ကွင်းလယ်ကစားသမား မောင်မောင်ဝင်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၀ ပွဲကစားရမှတ် ၁၂ မှတ်၊ ဒဂုံစတားအသင်းက ၁၀ ပွဲကစားရမှတ် ၁၁ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၀) နောက်ဆုံးနေ့အဖြစ် ဇွန် ၃၀ ရက် တွင် မဟာယူနိုက်တက်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့လယ်ချောင်းတစ်လျှောက် အမှိုက်များ၊ ဗေဒါပင်များ၊ ပေါင်းပင်များဖြင့် ပိတ်ဆို့နေသောနေရာများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် စစ်တွေမြို့မှ ပေးပို့လာသည့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ရောက်ရှိလာမှုနှင့် မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်၌ ပစ္စည်းများလက်ခံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စူပါနံ့ကောက်မျိုးစပါးနှင့် GW-11 မျိုးစပါးများ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည့် မျိုးစပါးများ ထောင်သူများထံသို့ ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်၍ မျိုးစပါး ၁၃၅ တင်းအား ကျေးရွာအုပ်စုသုံးအုပ်စုမှ တောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောက်တန်းတိုက်နယ်၊ လောင်းချောင်းတိုက်နယ်နှင့် စေတီပြင်တိုက်နယ်တို့အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်များ ထောက်ပံ့ပေးအပ်ရာ မုန်တိုင်းဒဏ်သင့်ပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆပ်ရိုးကျရပ်ကွက်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အိမ်မိုးသွပ်ပြားများ ထောက်ပံ့ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

အလားတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရမ်းဗြဲမြို့ အောင်ဓမ္မဗိမာန်ဓမ္မာရုံ၌ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းရင်းဆေးများနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မောရဝတီကျေးရွာသို့ ရောက်ရှိလာသည့် မျိုးစပါးများအား ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းဒဏ်ကြောင့် မျိုးစပါးများပျက်စီးခဲ့သည့် ကိုင်းကြီးကျေးရွာ၊ မောရဝတီကျေးရွာနှင့် ဥဒေါင်းကျေးရွာတို့မှ တောင်သူ ၃၅ ဦးတို့ကို GW-11 မျိုးစပါးနှင့် နံ့ကောက်မျိုးစပါး စုစုပေါင်း တင်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်သင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့မှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာရှိ စန္ဒာရာမပရိယတ္တိကျောင်းတိုက်၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းဒဏ်သင့် ကျေးရွာသူ ကျေးရွာသားများအား သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါများ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(MLCA၊ MLCP)၊ အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)နှင့် ဘာသာစုံမိတ်ဆွေများက ရက် ၃၀ စတုဒိသာ အလှူတော် အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သဘာဝဘေးကျရောက်သောဒေသများတွင် တပ်မတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

သဘာဝဘေး အန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရာတန်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကူညီဆောင်ရွက်ပေး**

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ မြို့မဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ အောင်ဇလကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျောက်တော်မြို့ သမဝါယမဂိုဒေါင်သို့ မျိုးစပါးများ သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

## ကုန်သွယ်/စီးပွား

### ရွှေဘိုခရိုင်၌ နွေစပါးများ စတင်ရိတ်သိမ်း

ရွှေဘို ဇွန် ၂၉

ရွှေဘိုခရိုင်အနေဖြင့် ဆည်ရေရရှိသည့်အပေါ် မူတည်၍ နွေစပါးနှင့် နွေသီးနှံများ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ နွေစပါးစိုက်ပျိုးသည့် မြို့နယ်များဖြစ်သော ရွှေဘိုမြို့နယ်တွင် ၅၂၅၄၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၇၇၅၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၂၀၇၅၂ ဧက စုစုပေါင်း ၈၁၀၄၈ ဧက စိုက်ပျိုးခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဖေဖော်ဝါရီလဆန်းမှစ၍ ဆည်ရေများစတင်ပေးဝေခဲ့ရာ ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းများတွင် ပျိုးထောင်၍ မတ်လလယ်မှစတင်၍ နွေစပါးများ စတင်စိုက်ပျိုးခဲ့ကြောင်း၊ ဇွန်လလယ်ခန့်မှစ၍ နွေစပါးများ စတင်ရိတ်သိမ်းကြပြီး တစ်ဧကအထွက်နှုန်းမှာ တင်း ၉၀ ကျော်ခန့်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဇွန်လတတိယပတ်တွင် ရွှေဘိုဈေးကွက်သို့ နွေစပါးများ စတင်ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ 747 စပါး တင်း ၁၀၀ လျှင် ၁၆ သိန်း၊



ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၊ 72 စပါး တင်း ၁၀၀ လျှင် ၁၆ သိန်းနှင့် ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအပတ်တွင် ဆန်စပါး အရောင်းအဝယ်အေးနေကြောင်း၊ တောင်သူများအနေဖြင့် သွင်းအားစုဈေးနှုန်းနှင့် လုပ်သားခ ဈေးနှုန်းများမြင့်တက်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များပြားသော်လည်း စပါးအထွက်နှုန်းသာမက စပါးဈေးနှုန်းပါကောင်းမွန်သည့်အတွက် သင့်တင့်လျောက်ပတ်သော အကျိုးအမြတ်ရရှိကြောင်း သိရသည်။

### မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် ဇွန် ၂၉

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇွန် ၂၇ ရက်တွင် ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၆၄၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၉၉၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ခဲသွပ်အရောသတ္တု ၅၁၁ တန်၊ မြေထောက်ပဲ ၁၃၄ ဒသမ ၅ တန်၊ ငါးရှဉ့် ၄၅ ဒသမ ၁၂၀ တန်၊ ပုစွန်ဖွဲ ၂၄၅ တန်၊ ကဏန်း ၂၃ ဒသမ ၉၇၅ တန်၊ ထောပတ်ပဲ ၆၈ တန်၊ နနွင်းတက် ၁၂၄ ဒသမ ၈ တန်၊ ဝါဂွမ်း ၃၃ ဒသမ ၀၁၇ တန်၊ သရက်သီး ၁၀၇ ဒသမ ၂ တန်နှင့် သကာရည် ၁၀၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဆိုလာပြား၊ သွပ်လိပ်၊ သံပိုက်၊ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဒီဇယ်ဆီ၊ ဘက်ထရီ၊ သံပေါင်၊ စပျစ်သီးနှင့် စီးကရက်ကုန်ကြမ်းတို့ဖြစ်သည်။

ဇွန် ၁ ရက်မှ ၂၇ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၈ ဒသမ ၂၂၆ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၅၂ ဒသမ ၄၇၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၉၀ ဒသမ ၇၀၂ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၉၃ ဒသမ ၇၈၂ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်သည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

### မန္တလေးမြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

မန္တလေး ဇွန် ၂၉

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးနှင့် မဟာအောင်မြေမြို့နယ် မင်္ဂလာဈေး(ယာယီ)တို့၌ ယမန်နေ့က အခြေခံ စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။



အဆိုပါ ရောင်းချခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အခြေခံ စားသောက်ကုန်များဖြစ်သည့် အသား၊ ငါးများ၊ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ကြက်ဥနှင့် ဘဲဥများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ရောင်းချပေးသည့် ဈေးနှုန်းများမှာ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ ကြက်ဥ ၁၀ လုံးလျှင် ငွေကျပ် ၂၄၀၀၊ ဘဲဥ ၁၀ လုံးလျှင် ငွေကျပ် ၃၁၀၀ တို့ဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် ငါးအမျိုးမျိုးကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဈေးများတွင် အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် နံနက် ၆ နာရီမှ နံနက် ၁၀ နာရီအတွင်း လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်အေးချမ်း**
**ဓာတ်ပုံ-MTK**

### ကျိုက်မရောမြို့နယ်၌ ဝန်ထမ်းများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် ကောက်ယူ

ကျိုက်မရော ဇွန် ၂၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဝန်ထမ်းများအား အီလက်ထရောနစ်စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များနှင့် ဇီဝအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ ကောက်ယူပြီး Database ထည့်သွင်းခြင်းလုပ်ငန်းများကို ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးကိုကိုလွင်၏ ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ်စာရင်းကောက်ယူရေးအဖွဲ့များက ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများကို စတင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



### ဟင်္သာတမြို့နယ်၌ ပလတ်စတစ်အိတ်မသုံးစွဲရနေ့ သတ်မှတ်၍ အသိပညာပေးစစ်ဆေးခြင်းများ ဆောင်ရွက်

ဟင်္သာတ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အများပြည်သူများ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၈ နာရီက ပဒေသာဈေးကြီးနှင့် ဒွေးဝင်းဈေး၌ ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေးခြင်းနှင့် စက္ကူအိတ်များ အစားထိုးအသုံးပြုစေရန် ဝေငှပေးခဲ့ကြသည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူ စသည့်ပစ္စည်းများဖြင့် အစားထိုးသုံးစွဲရန် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများကိုယ်တိုင် စနစ်တကျ ပြုလုပ်ထားသော ပလတ်စတစ် အစားထိုး စက္ကူအိတ်များကို ပူးပေါင်းအဖွဲ့များက လိုက်လံဖြန့်ဝေပေးခဲ့ကြပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### လှည်းကူးမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လှည်းကူး ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာနနှင့် သမဝါယမကောလိပ်(ဖောင်ကြီး)တို့ ပူးပေါင်းကျင်းပသော (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက သမဝါယမကောလိပ်(ဖောင်ကြီး)၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် လှည်းကူးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သမဝါယမကောလိပ် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ မန်ဂျန်ရှား ပျိုးပင်ပေါင်း ၅၅၈ ပင်တို့ကို သတ်မှတ်နေရာများ၌ စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၂၉

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မိုင်းတုံမြို့နယ်၌ အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်

**မိုင်းတုံ ဇွန် ၂၉**

ရှမ်းပြည်နယ် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် လွယ်ခမ်းလုံကျေးရွာအုပ်စု လွယ်ခမ်းလုံ(ဖ)မိုင် ကျေးရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို



ယမန်နေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ လွယ်ခမ်းလုံ (ဖ)မိုင်ကျေးရွာတွင် အိမ်သုံးဆိုလာစနစ် (၆၀ ဝပ်)၄၁ လုံး၊ ဆိုလာပြား၊ အင်ဗာတာများနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် လွယ်ခမ်းလုံ(ဖ)မိုင် ကျေးရွာအပါအဝင် မြို့နယ်အတွင်းရှိ မဟာလျှပ်စစ်ဓာတ်အားမှ မီးမရရှိသေးသော ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာ ၁၆ ရွာ၌ အိမ်သုံးဆိုလာစနစ် ၆၀ ဝပ်ဆိုလာ ၈၆၄ လုံး၊ ၁၀၀ ဝပ်ဆိုလာ ၉၇ လုံး စုစုပေါင်း ၉၆၁ လုံးဖြင့် ကျေးလက် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂



# သပိတ်ကျင်းမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

**သပိတ်ကျင်း ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ ယနေ့နံနက်ပိုင်းမှစ၍ ဝန်ထမ်းများ က ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူစိစစ်ခြင်းနှင့် UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းသူရနှင့် ဌာနဝန်ထမ်းများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ကဏန်း ၁၀ လုံးပါဝင်သည့် UID ကတ်များ ပြုလုပ်ပေးနိုင်ရေး ဇီဝဆိုင်ရာ အချက်အလက် စိစစ်ကောက်ယူခြင်းနှင့် UID နံပါတ် ထုတ်ပေးလျက်ရှိရာ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၄၆ ဦး ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ မြို့နယ်( ပြန်/ဆက်)

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဇွန် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁ -၇ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၂၆) တွင် စည်းကမ်းမရှိသည့်အတွက် ပုံဆွဲခဲတံလေးပျောက်ဆုံးသွားသော်လည်း ကံကောင်းစွာ ပြန်လည်တွေ့ရှိသွားသည့်အကြောင်း တင်ဆက်ထားသည့် "ကြွက်နှင့် ခဲတံလေး" မျက်နှာဖုံးကာတွန်း၊ မြန်မာ့ရိုးရာသိုင်းပညာကို သင်ချင်ပြီး သူတစ်ပါးကို ကူညီချင်သော နိုးတူးနှင့်သိုင်း ဆရာကြီးတို့ တွေ့ ဆုံမိသည့်အကြောင်း တင်ဆက်ထားသည့် "နိုးတူးနှင့်တုံတုံ" နှစ်မျက်နှာကာတွန်း၊ အမေဖြစ်သူက "သားသမီးမကောင်း ဘယ်သူ့ခေါင်းလဲ" ဟု ဖူးငယ်ကို မေးသောအခါ သူ့အတွေးဖြင့် ပြန်ဖြေထားသည့်အကြောင်း တင်ဆက်ထားသည့် "ဖူးငယ်" တစ်မျက်နှာကာတွန်း၊ ကလေးတို့သဘာဝ စူးစမ်းလေ့လာတတ်ပုံ၊ အမေးအမြန်းထူပုံကို တင်ဆက်ထားသည့် "မေးခဲ့ဖူးတယ်" နှစ်မျက်နှာကာတွန်း၊ ဗဟုသုတရမည့်စာအုပ်တွေဖတ်သင့်ကြောင်း တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာ ကာတွန်း၊ သူငယ်ချင်း အချင်းချင်း မိမိတို့၏ အဘိုးများ အသက်ရှည်ကြပုံကို စကားနိုင်လု၍ ပြောဆိုခြင်းအကြောင်း တင်ဆက်ထားသည့် "အာတူးနဲ့ လိပ်ပု" မျက်နှာဝက်ကာတွန်း ကဏ္ဍ၊ ဝါဆိုလတွင် ရဟန်းသံဃာများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပုံ၊ ဆည်မြောင်းချောင်းကန်များ ရေပြည့်လျှံ၍ သီးနှံများဖြစ်ထွန်းပုံနှင့် သစ်တောသစ်ပင်များ စိမ်းစိုပုံကို ရေးဖွဲ့ထားသည့် "လမြတ်ဝါဆို" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ




အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်



# ပန်းတောင်းမြို့နယ်၌ အခြေခံစားကုန်များ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ပန်းတောင်း ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဆန်၊ ကြက်ဥ၊ အမဲသား၊ ဝက်သားနှင့် ဟင်းသီးဟင်းရွက်များအား မင်းရပ် ရပ်ကွက် ကြေးသွန်းဘုရားကြီးရှေ့၌ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါ ဈေးရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများပူးပေါင်း၍ ဆန်တစ်ပြည် ငွေကျပ် ၂၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၃၀၊ ဝက်သား ၁၀ ကျပ်သား ငွေကျပ် ၁၅၀၀၊ အမဲသား ၁၂ ကျပ်ခွဲသား ငွေကျပ် ၁၅၀၀ နှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ဇူလိုင် ၁ ရက်တွင် ကျရောက်မည့် (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်က အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မြန်မာ့သမဝါယမ၏ နှစ်ပေါင်း (၁၀၀)ကျော် ဖြတ်သန်းလာခဲ့ပြီး လက်ရှိအောင်မြင်လျက်ရှိသည့် သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် အထိမ်းအမှတ်ဝတ်စုံပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ထုတ်လုပ်/ ဝန်ဆောင်/ ကုန်သွယ်သမဝါယမအသင်းများ၏ ပြခန်းနှင့် အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ဒေးဒရဲမြို့နယ်၌ ရေချိုပုစွန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

**ဒေးဒရဲ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် အင်းလုပ်ငန်းရှင်များ ပူးပေါင်း၍ ရေချိုပုစွန်များကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ပြုလုပ်သည်။

အဆိုပါရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဟန်နှင့် ဝန်ထမ်းများက ရေချိုပုစွန် ၃၅ ပိဿာအား သက်သာသောနှုန်းထားဖြင့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ ပုစွန်အကျော့ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် လူတစ်ဦးလျှင် ၅၀ ကျပ်သားနှုန်း ရောင်းချပေးမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ၂၀၇

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက နောင်လုံကျေးရွာ ရေထွက်အနီး စိုက်ကွင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက မဲဇလီပင် ၁၅၀ နှင့် မျောက်ငို ပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးပေးကြစဉ်။

ဝိုးတောင်း

## တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အိမ်အမှတ် (သ/၁– A) မြေပေါ်ရှိ (၅)ထပ်တိုက်၏ အဆောက်အအုံမှ (၁၁.၆ပေx၅၄ပေ) အကျယ်အဝန်းရှိ ၃ လွှာ (ခြေရင်းခန်း) (B/3) ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံး ရေ၊ မီး အစုံအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ကန်ထရိုက်တာ ဦးလှိုင်ဝင်းကြည် [၁၂/ဗဟန(နိုင်)၀၂၇၉၅၆]မှ (၆–၁–၂၀၁၆)ရက်နေ့တွင် ဒေါ်ဇင်မမမျိုး [၁၂/ရပသ(နိုင်)၀၆၄၃၇၆]ထံသို့ ဦးစွာရောင်းချခဲ့ပြီးနောက်(၁၅–၅–၂၀၁၉)ရက်နေ့၌ ဒေါ်ဇင်မမမျိုးမှ လက်ရှိထားပိုင်ဆိုင်သော အထက်ဖော်ပြပါတိုက်ခန်းအား ဒေါ်ဝင်းသန္တာဆွေ [၁၂/သလန(နိုင်)၁၅၆၅၁၆]နှင့် ဦးသုခလှိုင် [၁၂/သလန(နိုင်)၁၇၆၇၆၆] တို့ထံ ပြန်လည်ရောင်းချခဲ့ပြီး ယခုလက်ရှိ တိုက်ခန်းပိုင်ရှင်များဖြစ်ကြသော ၎င်းတို့ (၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရီသန့် [၁၂/ဒဂမ(နိုင်)၀၁၀၈၉၀]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ရောင်းဖိုးကျန်ငွေ အပြီးအပြတ်ပေးချေ၍ အခန်းလက်ရောက်ရယူပြီး ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းစန်းဝင်း(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၄၁၂)**
**အမှတ်(၆၇)၊ သီဟလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၁၅၂၃၀၉ ၊ ၀၉–၇၈၀၉၇၂၄၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၁၃/ခ)၊ မြေအကျယ်အဝန်း (ပေ ၂၀x ပေ ၆၀) (ခေါင်းရင်းခြမ်း)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ယခုလက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ချောကလျာမြင့် [၁၂/ဒလန(နိုင်)၀၇၃၀၄၄]မှ ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးဝဏ္ဏစမ်း(စဥ်–၈၃၁၇)**　　**ဒေါ်အေးကလျာဦး (စဥ်–၉၁၈၃)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၂၆၆)၊ အခန်း(၆)၊ ရန်အောင်(၅)လမ်း၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၁၈၃၈၈၂**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ သီရိကန်သာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၈)နေ ဦးသောင်းဦး [၁၀/သဖရ(နိုင်)၀၉၃၀၇၂] – ဒေါ်ကျင်ရီ [၁၀/သဖရ(နိုင်)၀၂၃၈၉၆] တို့၏ သမီးဖြစ်သူ မကေကေထူးမွန် [၁၂/ဥကမ(နိုင်)၂၈၅၅၅၉] သည် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ကျူးလွန်ခဲ့သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖခင်– ဦးသောင်းဦး၊ မိခင်– ဒေါ်ကျင်ရီ**

## အမည်ပြောင်း

ပြည်မြို့ P.E.C ကိုယ်ပိုင် အထက်တန်းကျောင်း Grade(9)–C မှ အမြွှာမောင်နှမဖြစ်သော မသွန်းဝေလျှံကို "မဂုဏ်ရည်ဝင့်ဝါ"ဟုလည်းကောင်း၊ မောင်ထွန်းဝေလျှံကို "မောင်ကောင်းဆက်လင်း"ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာတွင်နေထိုင်သူ (ဘ)ဦးစောအောင်၏သား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၁/မအန(နိုင်) ၀၂၈၂၆၄] ကိုင်ဆောင်ထားသူ ကျွန်တော် စည်သူအောင်နှင့် စည်သူစိုးအောင်မှာ တစ်ဦးတည်းဖြစ်ပြီး အမည်မှန်မှာ စည်သူစောအောင်သာ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်(၉)လမ်း၊ တိုက်အမှတ်(၁၈)၊ အခန်း(၁)၊ မြေညီထပ် (ခြေရင်းခန်း)တွင် နေထိုင်သည့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကျော်သန်း [၁၄/ဟသတ(နိုင်)၀၆၅၆၄၅] နှင့် ဒေါ်စန်းမြင့် [၁၄/ဟသတ(နိုင်)၀၆၅၆၅၉]တို့၏ သားဖြစ်သူ မောင်ကျော်ကျော်နိုင် [၁၂/လမန(နိုင်)၁၅၂၉၈၈]သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခြင်းကြောင့် ဤကြေညာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် မည်သည့်ကိစ္စမဆို ကျွန်ုပ်မိတ်ဆွေများနှင့် လုံးဝ သက်ဆိုင်မှုမရှိသောကြောင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B) အထက်တန်းရှေ့နေ (စဥ်–၄၅၉၈၅)**
**အမှတ်(၄၉၃)၊ အခန်း(၁)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၇၈၀၃၄၆၈၉**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅–၅–၂၀၂၃) ရက်ထုတ် ဤသတင်းစာ၊ စာမျက်နှာ(၂၃)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြေညာစာတွင် ပါရှိသည့် နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေကွက်အမှတ် (ဥ–၇၄၇၆)အစား မြေကွက်အမှတ် (ဥ–၇၄၆၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ မြစ်လောင်းကျေးရွာနေ ဒေါ်ခင်မြ(၉/အမရ(နိုင်)၀၂၁၉၄၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြနှင့် ဦးစန်းရွှင်တို့သည် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြပြီးနောက် (၂၄.၇.၂၀၂၁) ရက်နေ့တွင် ဦးစန်းရွှင်ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ခင်မြ၏ခင်ပွန်းဖြစ်သူ ဦးစန်းရွှင်ကွယ်လွန်ပြီးနောက်တွင် (၁) မြစ်သားမြို့နယ်၊ ကူးမဲမြို့၊ ပဲခင်းကြီးကျေးရွာ၊ ကံဆွယ်ကွင်း၊ ကွင်းအမှတ်(၁၀/၅၅၂–ဈ)၊ ဦးပိုင်(၂၆) ယာမြေအမျိုးအစား၊ ဧရိယာ (၁၄.၈၀)ဧကအကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၂) အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ မြစ်လောင်းကျေးရွာ၊ အကျယ်အဝန်း(၆၀ × ၁၅၀)ပေရှိ မြေကွက် နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၃) အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ မြစ်လောင်းကျေးရွာ၊ အကျယ်အဝန်း (၁၂၀ × ၁၀၀)ပေရှိ မြေကွက် နှင့် ယင်းမြေပေါ်ရှိ "ကောင်းထက်စံ" အိမ်ဆောက်ပစ္စည်းဆိုင်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်(၄) Honda Fit အမျိုးအစား GK3-2013 (4N-7785) (ခဲရောင်) မော်တော်ယာဉ်တစ်စီးတို့ ကျန်ရှိခဲ့ပါသည်။ ထိုကျန်ရှိခဲ့သော အထက်ပါပစ္စည်းများသည် ဦးစန်းရွှင်၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်မြ တစ်ဦးတည်းသာ ပိုင်ဆိုင်သည့်အတွက် ဒေါ်ခင်မြ၏ သိရှိသဘောတူညီခွင့်ပြုခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းအပါအဝင် အခြားသောမည်သည့်ကိစ္စ တစ်စုံတစ်ရာမျှပြုလုပ်ဆောင်ရွက်ခွင့် မရှိပါကြောင်းနှင့်ပြုလုပ်ဆောင်ရွက်ခဲ့ပါကလည်း တရားမဝင်သောဆောင်ရွက်မှုများသာဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ဒေါ်ခင်မြ၏လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ကေခိုင်မြင့် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဥ် – ၁၄၇၄၀)
အမှတ် – ၁၇၃၇၊ မဏိစည်သူလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ ဖုန်း၀၉ ၂၅၀၄၉၉၇၅၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ စီမံကိန်းအပိုင်း(၁)၊ ပုဂံလမ်း၊ တိုက် (၈၃)၊ စတုတ္ထထပ်၊ အခန်း (၄၀၅) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၂'x၂၂') (၄၈၄ စတုရန်းပေ)ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်၍ လက်ရှိထားပိုင်ဆိုင်သူ ဦးသန်းဌေး [၁၂/ဗဟန(နိုင်)၀၃၃၇၀၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဝတ်ကျောင်းလမ်း၊ ၉–ရပ်ကွက်၊ တိုက်အမှတ်– ၇၊ (၅လွှာ– ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၃ပေx၁၅ပေ) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသည့် ရေလိုင်း၊ (ရေစုပ်စက်)၊ မီးလိုင်း (လျှပ်စစ်မီတာ) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဖြူဖြူဝင်း [၁၂/ကတတ(နိုင်)၀၂၃၇၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ ကျွန်ုပ်ထံသို့ မည်သူမဆို (၁၄)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ယင်းသတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အထက်ပါတိုက်ခန်း၏ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာ**
**LL.B.,D.B.L., D.M.L.,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၅၀၅၈)**
**Res : ၀၁–၃၉၅၃၁၂၊ HP : ၀၉–၅၁၁၇၈၇၅၊ HP : ၂၅၀၀၂၆၄၇၇**

| ဒေါ်ကေကျော်ကိုကို | ဒေါ်နှင်းဝင့်ကြည် |
|---|---|
| LL.B.,D.B.L. | B.A (English), YUFL, PGDL |
| အထက်တန်းရှေ့နေ (စဥ်–၂၃၆၈၅) | အထက်တန်းရှေ့နေ (စဥ်–၅၅၂၈၁) |
| HP : ၀၉–၇၇၃၄၆၀၅၄၀ | HP : ၀၉–၅၀၂၀၁၆၀ |

**တိုက်(၁)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ^ခ)၊ မြေကွက်အမှတ် (၄/၂၇၆)၊ ဧရိယာ (၀.၁၂ ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇၆)၊ ကာယ (၁၂)လမ်း၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားအခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသော်တာစုမောင် [၁၂/ကမရ(နိုင်)၀၁၁၉၇၂]၊ ဒေါ်ယဉ်မျိုးမျိုးအောင် [၁၂/ စခန(နိုင်)၀၅၂၁၄၀]တို့မှ အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆို ဝန်ခံပါသဖြင့် ယင်းအမည်ပေါက်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ**
**LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၅၃၃)**
**ဖုန်း– ၀၉–၄၃၁၆၃၄၀၅၊**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက် အမှတ်(၁၁၂)၊ အကျယ်(၄၀×၆၀)ပေရှိ ဒေါက်တာဦးလှစိန်အမည်ပေါက်ပါမစ်မြေကွက်နှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ရှင်မှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းနိုင်ထွန်း (၁၂/ဒဂရ(နိုင်)၀၃၄၂၆၆)ထံမှ ကျွန်မ၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခိုင်ခိုင်နွဲ့တင်၊ အထက်တန်းရှေ့နေ(စဥ် ၄၉၅၂၇)၊
Ph. D Candidate in UY, MRes, LLM, LL.B, DBL, DIPL
အမှတ်(၇၀)၊ မာလာမြိုင် ၆လမ်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။ ၀၉-၄၂၁၀၅၄၇၇၆။

## "ကန့်ကွက်နိုင်ကြောင်းနှင့် ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ဦးမျိုးမင်းထွန်း [၁၂/လကန(နိုင်)၀၀၁၈၄၉]၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ အောင်စကြာလမ်း၊ အမှတ် (ဈ/၁၃၅)တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ (၆/၂)တိုးချဲ့၊ ပြည်တော်သာရပ်ကွက်၊ ပြည်တော်သာ(၆)လမ်း၊ အမှတ်(၆၃၉)ဟုခေါ်တွင်သော ဦးသိန်းထွန်း အမည်ပေါက် ပေ(၄၀x၆၀)ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးသိန်းထွန်း (HGU–၀၀၆၇၃၁)ထံမှ ကျွန်တော်၏မိတ်ဆွေ ဦးမျိုးမင်းထွန်း [၁၂/လကန(နိုင်) ၀၀၁၈၄၉]က (၂၃–၁၂–၂၀၀၃)ရက်နေ့ကတည်းက အပြီးအပိုင် ငွေအပြေအကျေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်တော်၏မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် ဝယ်ယူထားပြီးဖြစ်သည့် အထက်ဖော်ပြပါ ခြံမြေနှင့်ပတ်သက်၍ အငြင်းပွားမှုရှိလာပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အထက်ဖော်ပြပါ ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာ တရားဝင်ဥပဒေနှင့်အညီ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးမျိုးမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဇင်သူဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၆၉၃၄)**
**အမှတ် (၅၃၇)၊ ခရေလမ်း၊ (၈/၂) မြို့မရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉– ၇၉၅၅၃၃၁၉၃**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စီမံကိန်းပစ္စည်းများအား စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း တင်ဒါခေါ်ဆိုလိုပါသည်–

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | ၀၁/တီ/သယ်ပို့ (တင်ဒါ–ဓပစ)/ ၂၀၂၃–၂၀၂၄ | ၆၆ကေဗွီ (ဟသ်ာတ–ရေကြည်)–ဇလွန် ဓာတ်အားလိုင်း အတွက် ACSR, Disc Insulator & Accessories များ သယ်ယူရန်။ |
| ခ | ၀၂/တီ/သယ်ပို့ (တင်ဒါ–ဓအစ)/ ၂၀၂၃–၂၀၂၄ | ၂၃၀ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံတွင် ဝန်အားပိုမို သုံးစွဲနိုင်ရေးအတွက် Transformer (၃)လုံး သယ်ယူရန်။ |
| ဂ | ၀၃/တီ/သယ်ပို့ (တင်ဒါ–ဓပစ)/ ၂၀၂၃–၂၀၂၄ | ၆၆ကေဗွီ ရွှေမြို့–ရမည်းသင်း ဓာတ်အားလိုင်း အတွက် ဓာတ်အားလိုင်းသုံးပစ္စည်းများ သယ်ယူရန်။ |
| ဃ | ၀၄/တီ/သယ်ပို့ (တင်ဒါ–ဓအစ)/ ၂၀၂၃–၂၀၂၄ | ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်နှင့် အရန်အဖြစ် ထားရှိနိုင်ရန်အတွက် ဓာတ်အားခွဲရုံသုံးပစ္စည်းများ သယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါ ပိတ်ရက် (၁၃–၇–၂၀၂၃)ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov. mm)တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း– ၀၆၇–၃၄၁၀၂၀၉၊ ၀၆၇–၃၄၁၀၂၈၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်– ၅၈ နေ **R & P** INTERNATIONAL COMPANY LIMITED ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးဇော်ထွယ်အောင်၏ ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွယ်အောင်သည် အောက်ဖော်ပြပါ **R & P** REVERSE & PREVENT ကုန်အမှတ်တံဆိပ်ဖြင့် Mini Hifu, IPL Laser Hair Removal, Beauty Devices စသည့် အဆင့်မြင့်အိမ်သုံး အလှအပရေးရာ စက်ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်– ၂၂၉၇/၂၀၂၃ ဖြင့် တရားဝင် မှတ်ပုံတင်ပြီး ရန်ကုန်မြို့၌ ကိုယ်ပိုင်အရောင်းပြခန်း၊ Service Center များ ဖွင့်လှစ်ရောင်းချသည့်အပြင် Online Platform များနှင့် အရောင်းကိုယ်စားလှယ်ကြီးများမှ တစ်ဆင့်လည်း မြန်မာနိုင်ငံတစ်ဝန်းသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသော နာမည်ဂုဏ်သတင်းရရှိနေပြီး ရောင်းအားကောင်းလျက်ရှိနေပါသည်။ ယင်းတံဆိပ်ပါရှိသည့် ကုန်ပစ္စည်းများကို ဆင်တူယိုးမှားတုပ၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုလုပ်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အများသိစေရန် ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်းခေါင်းစဉ်ဖြင့် (၁–၆–၂၀၂၃)ရက်ထုတ် ကြေးမုံသတင်းစာတွင် ဥပဒေနှင့်အညီ တရားဝင် ကြေညာထားပြီးလည်းဖြစ်ပါသည်။

R&P
REVERSE
& PREVENT

ကျွန်ုပ်၏မိတ်ဆွေဖြန့်ဖြူးရောင်းချနေသည့် အထက်ဖော်ပြပါပစ္စည်းများနှင့် ပုံသဏ္ဌာန်တူ၊ အမျိုးအစားတူပစ္စည်းများကို အခြားသူများက ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်းတွေ့ရှိနေရပါသည်။ ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေ တရားဝင်ဖြန့်ဖြူးရောင်းချနေသည့် အထက်ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းများသည် ကောင်းမွန်သော ဂုဏ်သတင်းကျော်စောခြင်း၊ ရောင်းအားကောင်းခြင်း၊ ဝန်ဆောင်မှုကောင်းခြင်း၊ ပစ္စည်းအရည်အသွေးကောင်းမွန်ခြင်း၊ တာရှည်ခံခြင်း၊ ဈေးနှုန်းချိုသာခြင်းတို့ကြောင့် အများပြည်သူ လူကြိုက်များ၍ ဝယ်ယူသုံးစွဲနေခြင်းကို မနာလိုမရှုဆိတ်ဘဲ မလိုမုန်းထားစိတ်ဖြင့် ဖျက်လိုဖျက်ဆီးပြုလုပ်လိုသူ၊ မသမာသော/မရိုးသားသောနည်းဖြင့် စီးပွားရှာလိုသူ အချို့တို့သည် နည်းမျိုးစုံဖြင့် တိုက်ခိုက်မှုများပြုလုပ်နေကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ၎င်းတရားဝင်မှတ်ပုံတင်ပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပါရှိသည့် အလှအပရေးရာ စက်ပစ္စည်းများနှင့်ပတ်သက်၍ လူမှုကွန်ရက်များ၊ Internet Website, Facebook, Page များတွင် မဟုတ်မမှန်သည့်သတင်းများ လွှင့်တင်ခြင်း၊ ကြော်ငြာခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်းစသည်တို့ လုံးဝ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**R & P INTERNATIONAL COMPANY LIMITED ဒါရိုက်တာတစ်ဦးဖြစ်သူ**
**ဦးဇော်ထွယ်အောင်၏**
**ညွှန်ကြားချက်ဖြင့်–**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၁၉၅၅)**
**အမှတ်– ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၇၅၁၃၄**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၂/၂၀၂၃-၂၀၂၄ တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းက အောက်ပါသတ္တုပစ္စည်းကို အမေရိကန်ဒေါ်လာ (သို့မဟုတ်) အမေရိကန်ဒေါ်လာနှင့် ညီမျှသော မြန်မာ ကျပ်ငွေ (Worker Remittance Rate ) ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည် ဖြစ်ပါသည် -

**ကက်သုတ်ကြေးနီ (၁၀၀၀)မက်ထရစ်တန်**

(1) Lot လျှင် (၁၀၀) မက်/တန်စီဖြင့် (10) Lots မိုရွာ၊ Mine Site

ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးမှာ တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း၊ London Metal Exchange (LME) ပါ ကက်သုတ်ကြေးနီ တစ်တန်ဈေးနှုန်း (Unknown Price) အပေါ်တွင် အခြေခံ၍ Premium အများဆုံးပေးပြီး သယ်ယူခ ၊ တင်ချခ စရိတ်များအတွက် ကုန်ကျစရိတ်အား အနည်းဆုံးပေးသွင်းနိုင်သည့် (LME + Premium – သယ်ယူစရိတ် ) ကုမ္ပဏီအား တင်ဒါ အောင်မြင်သူအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

၂။ တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန်မှာ (၂၀-၇-၂၀၂၃) ရက်နေ့ မွန်းလွဲ(၁၃:၀၀)နာရီဖြစ်ပြီး ယင်းနေ့ ညနေ(၁၅:၀၀) နာရီတွင် အိတ်ဖွင့် တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ်(၁၉)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ၊ ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ ၊ ဖုန်း ၀၆၇- ၃၄၀၉၁၆၂၊ ၀၆၇- ၃၄၀၉၀၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၂)ရပ်ကွက်၊ ယုဇနမြိုင်လမ်း၊ အမှတ် (၅၇) နေ ဒေါ်တင်နီလာဝင်း [၁၂/ဒလန(နိုင်)၀၂၉၅၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း၊ အမှတ်-၁၄၉ ပေါ်တွင်ဆောက်လုပ်ထားသော(၆)ထပ်တိုက်၏ (၃)လွှာ(ဒုတိယထပ်)(ယာ)၊ အကျယ်အဝန်း (၁၂ ၁/၂x၄၀) ပေရှိတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်စန်းထွေး [၁၂/ကတတ(နိုင်)၀၁၆၉၆၆]မှ မူလပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးမျိုးသိန်း [၁၂/ပဘတ(နိုင်)၀၂၃၄၈၃]မှ ဆက်လက်ဝယ်ယူခဲ့ပြီး၊ ဦးမျိုးသိန်း[၁၂/ပဘတ(နိုင်)၀၂၃၄၈၃](ကွယ်လွန်)၏ သား၊ သမီးများထံမှ ရှာအစ္စတာ(ခ)ဒေါ်နီလာနွယ် [၁၂/ပဘတ(နိုင်)၀၃၃၉၄၆]နှင့် ဒေါ်မရီရန်ဘီဘီ [၁၂/ပဘတ(နိုင်)၀၁၂၅၂၁] တို့မှဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နီလာဝင်းမှ (၂၇-၆-၂၀၂၃) ရက်နေ့တွင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)**
**( တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၆၀၇၅)**
**အမှတ် (၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်။**
**Ph: 09-254405798**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၈၁)၊ (၅+၆) လွှာ၊ (၁၂ ၁/၂x ၅၄)ပေ အကျယ်ရှိသော တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဝါဝါသက် [၁၂/ပဇတ(နိုင်)၀၃၀၄၀၅] ထံမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ရောင်းချခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်ကေသွယ်ညွှန့် [၁၂/မဂတ(နိုင်)၀၇၃၈၅၂]**
**ဖုန်း - ၀၉-၄၂၉၀၉၄၈၆၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁/၂၇-က)၊ ပိတောက်ရိပ်ငြိမ် (၁)လမ်းရှိ မြေပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦ၏ (အလျား ၁၂ပေ x အနံ ၅၀ပေ) အကျယ်အဝန်းရှိ တတိယထပ်၊ (၄)လွှာဟုခေါ်တွင်သော တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းနှင့် ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ကန်ထရိုက်တာ ဦးဝေဖြိုးအောင် [၁၂/လမန(နိုင်)၁၃၇၀၀၂]မှ မိမိရရှိသည့် အခန်းများအနက် ရောင်းချခွင့်ရှိသော အခန်းဖြစ်ကြောင်းနှင့် လက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း ရောင်းချလိုကြောင်း ဝန်ခံလျက် ကမ်းလှမ်းလာသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မော်ထွေး[၇/ကမရ(နိုင်)၀၅၈၆၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ချယ်ရီဝင်း** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **[LL.B,W.I.P.O(Switzerland)]** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၅၃၇)** | **(စဉ်-၁၅၄၀၁)** |

**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉၇၉၅၉၂၁၉၃၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၁၇၊ မာန်ပြေ(၁၉)လမ်းအနောက်၊ ၃-ရပ်ကွက်၊ သာကေတမြို့နယ်ရှိ တစ်ခန်းလျှင် (၂၀x ၆၀) ပေ အကျယ်အဝန်းရှိ (၆)ထပ် Hall Type မှ မြေညီ+ထပ်ခိုး (မှန်ခန်း)တိုက်ခန်းကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိမိ(ခ)ဒေါ်မိမိနိုင် [၁၂/အလန(နိုင်)၀၂၁၈၇၃]မှအဆိုပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်အပြီးပိုင် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း (၁၅-၆-၂၀၂၃)ရက်စွဲပါ “တိုက်ခန်းအရောင်းအဝယ်နှစ်ဖက်သဘောတူ ကတိစာချုပ်”ချုပ်ဆို၍ အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၁၆၂၄၊ ဧရိယာ(၂၀x၆၀)ပေရှိပါမစ်မြေသည် ဦးမောင်မြင့် (CJ-020692)အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ရီရီမြင့် (CF-011078) ထံမှအရပ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် ဦးစိုးမြတ်ထွန်း [၁၁/တကန (နိုင်)၀၅၈၈၇၀]မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးပိုင် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ မြေကွက်အမှတ်(၆၀၉)၊ ဂရန်အမည်ပေါက် ဒေါ်မူမူသန်း အလျား (၄၂) ပေ x အနံ(၆၀)ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုလာသူ ဦးအောင်ခင်[၁၂/အစန(နိုင်)၀၀၄၁၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင် [၁၄/ကလန(နိုင်)၀၁၀၅၅၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့မွန်ဦး(အထက်တန်းရှေ့နေ)**
**(စဉ်-၄၇၉၃၅/ ၃၁-၈-၂၀၁၆)**
**အမှတ်(၄၉၈)၊ အဓိပတိလမ်း၊ (၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်။ ဖုန်း-၀၉-၇၆၀၄၈၀၅၇၇၊ ၀၉-၇၉၅၆၅၀၄၂၂**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ လူနေရပ်ကွက်အမှတ်-၅/၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ် ၂၅၅(က)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးကံချွန် အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ လူနေအိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေ၏ ဂရန်အမည်ပေါက်ပိုင်ရှင်ဦးကံချွန်နှင့်ဇနီး ဒေါ်ကြီးတန်တို့မှာ အသီးသီး ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ ၎င်းတို့၏အမွေဆက်ခံခွင့်ရှိသူ သားများဖြစ်သော ဦးခင်မောင်ဌေး[၁၂/ရပသ(နိုင်)၀၀၀၀၃၄]၊ ဦးခင်မောင်အေး [၁၂/ရပသ(နိုင်)၀၀၀၀၃၅]၊ ဦးခင်မောင်သန်း [၁၂/ရပသ(နိုင်)၀၀၀၀၃၆]၊ ဦးခင်မောင်ထွေး [၁၂/ရပသ(နိုင်)၀၀၀၀၃၇] တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ယုသန္တာစိုး [၁၂/ရပသ(နိုင်)၀၃၉၇၉၈] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယုသန္တာစိုး[၁၂/ရပသ(နိုင်)၀၃၉၇၉၈]** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **အမှတ်-၅၇(က)၊ ပတ္တမြားလမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **(၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ပါသည်

တောင်ငူမြို့၊ (၂)ရပ်ကွက်၊ ဦးစစ်ကိုလမ်း၊ အမှတ်(၂/၃၅၂)ဟုခေါ်တွင်သော အကွက်အမှတ်(၄)၊ ရခိုင်စုကွက်၊ ဦးပိုင်အမှတ်(ဃ/၁၉)၊ ဧရိယာ (၀.၀၇၂)ဧက အကျယ်အဝန်းရှိ ဦးသန်းဦးအမည်ပေါက် (မျက်နှာစာ ၅၅ပေ x အလျား ၇၅ပေ) အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းဦး [၇/တငန(နိုင်)၀၉၄၇၃၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဦးစန်းလှိုင် [၇/တငန(နိုင်) ၁၂၅၀၉၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄ )** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |

**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09-420080932,09-983837110**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အဖ ဦးမိုက်ကယ်ကျိုးလွယ်၏သမီး ကျွန်မ ဒေါ်ဆာရာထန်မော် [၁၂/စခန(နိုင်) ၀၇၅၇၄၂]နှင့် ဒေါ်စာရာထန်မော်မှာလူတစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၃၃၄)၊ ဧရိယာ (၀.၀၅၈)ဧက၊ မြေကွက်တည်နေရာ အမှတ်-၃၃၄၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးကြည်သန်း CF- ၀၇၇၂၃ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၃၆/၂၀၂၂ဖြင့် (တရားလို) ဦးသိန်းသန်းမှ(တရားပြိုင်)ဦးကြည်သန်းအပေါ် မြေကွက်အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၂၅-၁၁-၂၀၂၂)ရက်နေ့တွင် ချမှတ်ခဲ့သည့်စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၇/၂၀၂၃၏ (၃၀-၁-၂၀၂၃) ရက်စွဲပါထုံးပုံကျ အပြီးသတ်အမိန့်(၃၀-၁-၂၀၂၃)ရက်နေ့ တရားရုံး နေ့စဉ်မှတ်တမ်း၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး၏(၉-၅-၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ၄၅၆/ ၅-၁-/၂၀၂၃ ဖြင့် တရားရုံးများကိုယ်စား မြေပုံမြေရာဇဝင်ကူးယူခြင်း၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း တို့ ဆောင်ရွက်နိုင်ရန် ဘီလစ် ဒေါ်ခင်ရူပလှိုင် [၇/ရကန(နိုင်)၀၆၂၂၆၄]အား ခန့်အပ်ကြောင်း အကြောင်းကြားစာနှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ကို တင်ပြ၍ (တရားရုံး) ဦးကြည်သန်း ကိုယ်စား ဘီလစ် ဒေါ်ခင်ရူပလှိုင်[၇/ရကန(နိုင်)၀၆၂၂၆၄] မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Nan Htike Thazin Co.,Ltd ထသက အမှတ် (၁၀၁၁၈၇၁၃၆)နှင့် ပို့ကုန်တင်သွင်းလွှာကြေညာ စာတမ်းမူရင်းများဖြစ်သော [200092122760, 200092462961, 200093074801, 200093233331, 200093235761, 200093899950, 200094090831,200095272100,200095390143,200095589160,200095628732,200099606502,200100008411 တို့မှာ (၁၄-၅-၂၀၂၃) ရက်နေ့ မိုခါမုန်တိုင်းကျရောက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း - 09-791092339**

## ဒေါ်မြသဇင် [၁၂/ဒဂန(နိုင်)၀၃၂၅၁၄]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)လမ်း၊ အမှတ်(၆၅၀)နေ ဦးကျော်လှ[၁၂/လမတ(နိုင်)၀၀၉၄၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးကျော်လှ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၆၃(စက်မှုဇုန်-၂) ရပ်ကွက်၊ ရွှေတောင်ကြား(၆)လမ်း၊ အမှတ်(၁၀၅၈) ရှိမြေကွက်အား(၅-၃-၂၀၂၃)ရက်စွဲပါ “နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်”ချုပ်၍ ဒေါ်မြသဇင်မှ စရန်ငွေပေး၍ ဝယ်ယူခဲ့ပါသည်။ မြေကွက် တန်ဖိုးကျန်ငွေကို (၅-၆-၂၀၂၃)ရက်နေ့တွင် အပြီးသတ်ငွေချေရန် စာချုပ်ဖြင့် နှစ်ဦးသဘောတူခဲ့ကြပါသည်။ ဒေါ်မြသဇင်မှာ မြေကွက်တန်ဖိုး ကျန်ငွေကို အပြီးသတ်ပေးချေရမည့် သတ်မှတ်ရက်ဖြစ်သော (၅-၆-၂၀၂၃) ရက်နေ့တွင် လာရောက်ပေးချေခြင်းမရှိသဖြင့် ဦးကျော်လှသည် ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ဆက်သွယ်၍မရခဲ့ပါ။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လှနှင့် ဒေါ်မြသဇင်တို့ချုပ်ဆိုခဲ့သော (၅-၃-၂၀၂၃)ရက်စွဲပါ စရန်ပေးစာချုပ်တွင်ပါရှိသော ဝယ်ယူသူ၏ ကတိကို ဒေါ်မြသဇင်မှ ချိုးဖောက်ခဲ့သဖြင့် သတင်းစာ၌ကြော်ငြာပါသည့်နေ့မှစ၍ **(၅-၃-၂၀၂၃) ရက်စွဲပါ“နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စရန်ပေး ကတိစာချုပ်”** မှာပျက်ပြယ်ပြီးဖြစ်ကြောင်း မှတ်ယူ၍ အရောင်းအဝယ်အား ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဒေါ်မြသဇင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၀၉၅)**
**တိုက်(၂၁)၊ (၃)လွှာ၊ ယုဝလမ်း၊(ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၀၅၈၆၇**

## “ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းလှိုင် [၁၂/ဒဂတ(နိုင်)၀၂၆၃၇၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်သည်မှာ- ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၉၄)ရပ်ကွက်၊ အေ(၇)လမ်း၊ တိုက်- ၇၊ အခန်းအမှတ်(၀၀၄) မြေညီထပ်ဟုခေါ်တွင်သော လူနေတိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးစိုးစိုး [၁၂/သကတ(နိုင်)၀၇၁၃၂၉] ထံမှ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆိုကာ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးဇော်မင်းလှိုင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်မင်းလှိုင်** | **ဒေါ်ညီညီမြင့်(LL.B)** |
| **[၁၂/ဒဂတ(နိုင်)၀၂၆၃၇၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၃၃)** |
| | **ရှေ့နေများရုံးခန်း** |
| | **ရွှေပြည်သာမြို့နယ်တရားရုံးရှေ့၊** |
| | **ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း- ၀၉-၄၂၁၇၁၇၂၅၇** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆက်သွားကျွန်းကွင်း၊ ဦးပိုင်အမှတ်(၈၀/က)ဟုခေါ်တွင်သော လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မေဃဝတီ(၄)လမ်း၊ အမှတ်(၁၀၄၀)၊ မြေအကျယ်အဝန်း (၂၀x၈၉)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အသေစွဲကပ်လျက်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးစိုးလွင် [၁၂/လမန(နိုင်)၀၇၄၈၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အထက်ပါအိမ်ခြံမြေအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား မူရင်းများ တင်ပြ၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း LL.B, D.B.L, D.I.L, D.M.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ၀၉-၄၂၅၀၁၃၁၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ တိုက်အမှတ်(၁၃၁/၂)၊ (၂)ခန်းတွဲ (၃ ၁/၂)ထပ်တိုက်၏ (ဒါဘာ)၊ လမ်းမဘက်မှ တိုက်အား မျက်နှာမူကြည့်လျှင် (ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၄ ၁/၂x၅၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်လှလှဘုန်း [၁၂/ဥကတ(နိုင်)၁၀၃၅၂၈] (ကိုယ်တိုင်)နှင့် ညီမဖြစ်သူ ဒေါ်လှိုင်ထိပ်ထား [၁၂/ဥကတ(နိုင်)၁၃၃၆၆၆]၏ (ကိုယ်စား) တာဝန်ယူ၍ အထက်ဖော်ပြပါ တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာမြင့် [၁၂/ ဥကတ(နိုင်)၁၀၂၅၈၄]က ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားခဲ့ပြီးဖြစ်ရာ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၈၅၅၃**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အောင်လံမြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူ တည်ဆောက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာပုံစံ ဝယ်ယူနိုင်သည့် နေ့ရက်နှင့် တန်ဖိုး | - | ၁-၇-၂၀၂၃ရက်နေ့မှ ၃၀-၇-၂၀၂၃ ရက်နေ့အထိ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ( ၁၀ : ၀၀ )နာရီမှ (၁၆ : ၀၀) နာရီအတွင်း မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မကွေးမြို့တွင် တင်ဒါပုံစံ (၁) စောင်လျှင် ၃၀၀၀၀/-)ကျပ် တိတိဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ |
| ၃။ | တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန်နှင့်နေရာ | - | ၃၁-၇-၂၀၂၃ ရက်နေ့၊ (၁၆ : ၀၀) နာရီနောက်ဆုံးထား၍ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မကွေးမြို့တွင် လူကိုယ်တိုင်လာရောက် တင်သွင်းရမည်။ |
| ၄။ | တင်ဒါဖွင့်ဖောက်မည့်နေ့ရက် | - | တင်ဒါဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာအား ထပ်မံအကြောင်းကြားဆက်သွယ်ပါမည်။ |

၅။ သတ်မှတ်နေ့ရက်/အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည် မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၅၃၁၀၇၁၀၊ ၀၉-၅၃၁၁၅၈၂၊ ၀၉-၂၅၉၁၃၀၀၀၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၅၂၆/ က+ခ.ဂ)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၈ ၁/၂ )ထပ် Lift ပါ တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ တိုက်မျက်နှာမူ(လက်ယာဘက်)၊ (အလျား ၁၉ ပေxအနံ ၅၄ ပေ)အကျယ်ရှိ တိုက်ခန်းနှင့်အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးနန်းနွယ်[၁၂/ သကတ(နိုင်)၀၉၅၀၉၄] က တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးထွန်း [၅/မမတ(နိုင်)၀၈၇၅၇၁]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ နမ္မတူလမ်း၊ မြေကွက်အမှတ်(၁၂၃၉)၊ မြေအကျယ်ပေ(၂၀x၆၀)ရှိမြေနှင့်နေအိမ်(၂-ထပ်တိုက်)၊ (မြေပိုနှင့်အဆောက်အဦ/ ရေ/မီး/လုပ်ငန်းသုံးပါဝါ) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်သီတာဝင်း(X/BGN-001996) [၁၂/ရကန(နိုင်)၀၃၇၆၄၀]မှ ဂရန် အမည်ပေါက်လျက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးချယ်ဂဒူး(ခ) ဦးကျော်မြင့်[၁၂/သလန(နိုင်)၀၇၁၈၈၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးချယ်ဂဒူး(ခ)ဦးကျော်မြင့်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၆၈၂) (၁၃)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အိမ်အမှတ်(၆၈၂) ဟုခေါ်တွင်သော ဒေါ်သီတာကျော် [၇/ကဝန(နိုင်)၀၉၂၂၃၁]အမည်ပေါက် (၄၁x၆၀)ပေကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နော်အေးမျိုးဝင်း [၁၂/သဃက(နိုင်)၀၃၇၀၅၁]မှ ရောင်းချမည် ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကတ-၁၇)၊ အပြင်ပဒံကျေးရွာ၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၅၆၁)နှင့် အမှတ်(၅၆၂)ဟု ခေါ်တွင်သော ဧရိယာ(၄၀x၆၀)ပေ ကျယ်ဝန်းသော မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များနှင့်ပတ်သက်သော ဦးကျော်ကိုကိုစံ၊ ဦးကျော်ညီညီစံ အမည်ပေါက် မြေချပါမစ်မူရင်း(၂)စုံနှင့် ဆက်စပ်စာချုပ်မူရင်းများအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ဦးသန့်ဇော်ဦး [၁၂/ဒဂန(နိုင်)၀၂၉၄၉၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်များနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာ၊**
**အမှတ်(၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၀၀၉၇၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ မြေကွက်အမှတ်(၇ဂျီ/ ၂-က)၊ အကျယ်အဝန်းဧရိယာ(၀.၀၇၀)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သောမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ဒေါ်ဥမ္မာသွင်[၁၂/ကမရ(နိုင်)၀၄၁၀၆၀]၊ ၂။ဒေါ်ရူပါသွင်[၁၂/ကမရ(နိုင်)၀၄၀၇၆၂]၊ ၃။ဒေါ်သူဇာသွင် [၁၂/ကမရ(နိုင်)၀၃၄၅၅၉]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါကဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလဲ့ဝင်း(LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph -၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၅၃)၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၉/က) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၉/က)၊ မြေကွက်အမှတ်(၁၂)၊ အကျယ်အဝန်း(၄၂ပေ x ၆၀ပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ဦးအောင်ဝင်း [၁၂/သဃက(ပြု)၀၀၀၀၅၇]မှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်ခိုင်ဝင်း** | **ဦးခိုင်မြင့်ကျော်** |
| **(LL.B) WIPO (Switzerland)** | **( LL.B, D.B.L )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၃၈၈)** | **(စဉ်-၁၅၄၀၀)** |

**အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၄၀၈၄၇၄၇၀၀၊ ၀၉-၂၅၀၆၃၉၃၂၄**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၀)လမ်းအနောက်၊ မြေကွက်အမှတ်(၄၁၁-က+ခ)၊ အဆောက်အအုံအမှတ်(၁၇)ဟု ခေါ်တွင်သော မြေရှင် ဒေါ်စန္ဒာဝေ [၁၂/သကတ(နိုင်)၁၀၈၀၃၉] အမည်ပေါက်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃ထပ်ခွဲ)တိုက်အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက် ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပိုင်ရောင်းချသူ ဒေါ်ဥမ္မာမြင့် [၁၂/သကတ(နိုင်)၀၁၈၀၁၄] မှ မူလရောင်းချသူ ကန်ထရိုက်တာ ဦးသိန်းမင်းနှင့် အရပ်ကတိအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်လှမော်ဝင်း [၁၂/ သကတ(နိုင်)၀၀၁၅၇၂]ထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင်ငှင်းသာလျှင် ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးစည်သူ [၁၂/သကတ(နိုင်)၁၆၆၅၅၃]နှင့် ဒေါ်လစ်ပိုညီညီ [၁၂/သကတ(နိုင်)၁၆၆၅၅၅]တို့မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံ သောမူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူနှင့်ဒေါ်လစ်ပိုညီညီတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာဝင်း (LL.B)** | **ဒေါ်ခြိမ့်ယွန်းဆက် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)** | **အထက်တန်းရှေ့နေ (စဉ်-၄၉၉၅၁)** |

**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507, 09-772766716**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၁၆/ဇ^၁)၊ ဟုခေါ်တွင်သော အမှတ်(၅၀)၊ ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော မြေအကျယ်အဝန်းဧရိယာ(၀.၈၃၉)ဧကရှိ မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၁။ဦးကြည်ခင်(၁၂/လမန(နိုင်)၀၂၇၃၃၄)၊ ၂။ဦးကြည်ရင်(၁၂/လမန(နိုင်)၁၄၈၅၆၂)၊ ၃။ဦးကြည်ဇင်(၁၂/လမန(နိုင်)၁၆၂၇၆၈)၊ ၄။ဒေါ်ကြည်ကြည်အေး(၁၂/လမန(နိုင်)၀၂၇၄၉၅)၊ ၅။ဒေါ်ညွှန့်ညွှန့်အေး(၁၂/လမန(နိုင်)၀၂၇၄၉၆)၊ ၆။ဒေါ်သန်းသန်းအေး(၁၂/လမန(နိုင်)၀၂၇၃၃၅)၊ ၇။ဦးကြည်တင်(၁၂/လမန(နိုင်)၀၂၇၄၈၅)၊ ၈။ဒေါ်နွဲ့နွဲ့အေး (၁၂/လမန(နိုင်)၁၃၃၅၁၃) တို့မောင်နှမ(၈)ဦးမှ တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပါသောကြောင့် ကျွန်ုပ်မိတ်ဆွေများ၏သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အာမခံထားခြင်းစသည့် တနည်းနည်းဖြင့်လွှဲပြောင်းမှုများကိုပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ် -၅၃၃၄၄) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ ထွန်းသီရိလမ်း၊ မြေကွက်အမှတ်-၆၆၇၊ အကျယ်အဝန်း(၄၃ပေx၆၂ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးပါအောင် (B/RGN.၀၂၂၉၀၅)အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ၃ထပ်(RC)အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အားလုံးတို့အား အမည်ပေါက်သူထံမှ ဆက်စပ်အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးချစ်ဆွေ [၁၂/အစန(နိုင်) ၁၈၁၄၃၉] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁၀) PHASE -2 တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊မြေကွက်အမှတ်(၂၅၀/၁၉)၊မြေအကျယ်အဝန်း(၄၀ပေ x ၆၈ ပေ)၊ ဧရိယာ(၀.၀၆၂)ဧက၊ (၂၇၂၀)စတုရန်းပေရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးအောင်ဇော်နိုင် [၁၂/လမတ(နိုင်)၀၂၅၇၅၈]** အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးအောင်နိုင်ဦး [၁၂/လမတ(နိုင်)၀၃၁၉၂၉]** နှင့်**ဒေါ်ထိုက်ထိုက်ထွန်း [၁၂/ဥကတ(နိုင်) ၁၄၆၀၁၅]** တို့သည် **"မြေကွက်အရောင်းအဝယ်ကတိစာချုပ်"** ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးမိမိတို့ သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၉-B)၊ အကောက်ခွန်(၇)လမ်း၊မြေကွက်အမှတ်(၂၁၂)၊မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ခင်ခင်မာ (AD-၀၃၀၅၁၇)**အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ဝင့်ယမင်းဝါ [၁၂/တမန(နိုင်)၁၁၇၃၀၇]**သည် **"နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"** ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးမိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၁၁)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ပဥ္စမထပ်၊ (၆-လွှာ)၊ (ခြေရင်းခန်း) ၊ အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့် အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သော ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ(နိုင်)၀၅၂၃၃၆]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက် ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွှန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်-၁၀၀၆၃)** | **B.A,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၄၂၁၀၃၅၉၆၃** | **၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းဆွေ

**(ကထိက-ငြိမ်း၊ ပထဝီဝင်ဌာန၊ စစ်တက္ကသိုလ်)**

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်(၂)၊ အခန်း (၃၀၃)နေ (ဦးဘရင်-ဒေါ်ဖွားမြင့်)တို့၏သား၊ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ (ဗိုလ်မှူးမောင်လွင်-ဒေါ်အမာ)၊ (ဒေါ်မြင့်မြင့်သန်း)တို့၏ အစ်ကို၊ (ဦးဖေဝင်း)၊ ဦးစန်းဝေ၊ ဦးစောမောင်၊ ဒေါ်ခင်သန်းကြည်၊ ဒေါ်ခင်သန်းရီတို့၏ အစ်ကို/ညီ၊ ဦးသိန်းလွင်-(ဒေါက်တာဒေါ်စန္ဒာဆွေ)၊ (ဦးမင်းဆွေ)၊ ဦးညီညီဆွေ-ဒေါ်ရီရီမြ၊ ဒေါ်မူယာဆွေ၊ ဒေါက်တာမိုးသူဇာဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့)တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၉-၆-၂၀၁၂ ရက် နံနက် ၄:၃၀ နာရီတွင် ရန်ကုန်မြို့၊ အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁-၇-၂၀၁၂ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်တင်မြိုင်

**အထက(၁)၊ ဒလ (ငြိမ်း)**

**အသက် (၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ (ဦးငြိမ်းမောင်-ဒေါ်သန့်)တို့၏ သမီးထွေး၊ (ဦးခင်မောင်-ဒေါ်ထွေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် (၇၂-B)၊ မြေညီထပ်နေ (ဦးတင့်အောင်)၏ ဇနီး၊ (ဦးမျိုးသိန်းမြင့်)-ဒေါ်သင်းသင်းအောင်၊ ဦးညိုဝင်းအောင်-ဒေါ်သန်းသန်း ထွေး၊ ဦးစန်းဝင်းအောင်-ဒေါ်စန်းစန်းအေး၊ ဦးမြင့်ဦး-ဒေါ်မိုးမိုးအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ကိုးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၉-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။ [နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။ ဒလနှင့် သပြေကုန်းမှ ပို့ဆောင်မည့်သူများ ဒလမြို့မ(၃) လယ်ကိုင်းဘုန်းကြီးကျောင်းရှေ့မှ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပို့ဆောင်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးညွန့်လှိုင်

**မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်**

**(နာယက၊ ဓမ္မကထိက)**

**တရားလွှတ်တော်ရှေ့နေ**

**အသက်(၈၃)နှစ်**

ရွှေတောင်မြို့၊ သူဌေးကုန်းကျေးရွာနေ (ဦးမြဒင်-ဒေါ်သိန်းမယ်)တို့၏ သား၊ (ဦးထွန်းရင်-ဒေါ်ရင်ရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၄/၈) မလွှကုန်းလမ်း (၃ လွှာ)နေ ဒေါ်မြမြအေး(ခ)ဒေါ်ညို၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မြစန္ဒာလှိုင်၊ ဦးဇော်မြလှိုင်-ဒေါ်အိရွှေစင်အောင်တို့၏ ချစ်လှစွာသော ဖခင်၊ မောင်မြတ်ဒီဝမ်း၊ မအိမ့်ချူးမေလေးတို့၏ ဘိုးဘိုးကြီး ဦးညွန့်လှိုင်သည် ၂၉-၆-၂၀၁၂ ရက် နံနက် ၆:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်

**အသက်(၆၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပဲဝင်းရပ်ကွက်၊ အမှတ်(၂၅၉)နေ (ဦးဖူးစိန်)-ဒေါ်သောင်းရီ (စိန်ရတနာဂုန်နီအိတ်ရောင်း/ဝယ်ရေး)တို့၏သား၊ ဒေါ်ခင်သန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မြင့်-ဒေါ်ခင်နွဲ့၊ (ဦးစန်းလွင်)-ဒေါ်လှမြင့်၊ ဒေါ်ကြည်ကြည်အေး၊ ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်အေးတို့၏ ညီ/မောင်၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်ငွေ၊ ဦးငြိမ်းချမ်း-ဒေါ်ငွေငွေအေး၊ (ဦးချစ်ကို)-ဒေါ်ငွေငွေဝင်း၊ ဒေါ်ကြူကြူတို့၏ အစ်ကို၊ ဒေါ်ချောစုလှိုင်၊ ဦးထိန်လင်း၊ ဦးဟန်ခိုင်၊ ဦးမင်းနိုင်-ဒေါ်ဆုမြတ်မွန်၊ ဦးကျော်ခိုင်လင်း-ဒေါ်သင်းသီရိဝေတို့၏ချစ်လှစွာသောဖခင်၊ မြေး ငါးယောက်တို့၏ အဘိုး ဦးအောင်မြင့်သည် ၂၉-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၃:၅၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်တထောင်မြို့နယ် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ (၁၀) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၅၂/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေ ရှိ ဦးငွေဦး အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးကျော်ရွှေလင်း [၁၂/ဥကတ(နိုင်)၁၆၀၇၄၈] ကိုင်ဆောင်သူမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ယုသန္တာစိုး [၁၂/ရပသ(နိုင်)၀၃၉၇၉၈]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုသန္တာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၀)**

**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၇၇၂၉၃၇၇၅၊ ၀၉-၄၅၄၁၆၃၀၉**

## ဦးအောင်မြင့်

**ရေကြောင်းမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်း၊ အမှတ် (၁၀၇/ခေါင်းရင်းခန်း)နေ (ဦးစိုးမောင်-ဒေါ်အုန်းမြ)တို့၏သား၊ (ဦးမောင်မောင်လှ-ဒေါ်ရင်မြ)တို့၏မောင်၊ ဒေါ်လှလှမြင့် (အလက-ငြိမ်း)၏ခင်ပွန်း၊ ဦးမျိုးအေးအောင်-ဒေါ်အေးသီဒါအောင်၊ ဦးမင်းဇော်အောင်-ဒေါ်ယေယေစု၊ ဦးသိန်းထိုက်အောင်-ဒေါ်ထွေးနန္ဒာအောင်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးအောင်မြင့်သည် ၂၉-၆-၂၀၁၂ ရက် နံနက် ၇:၃၂ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက် သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိုးရီ

**အထက်တန်းပြ(ငြိမ်း)၊ အ-ထ-က(၁) စမ်းချောင်း**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ် (၅၂)၊ ပထမထပ်နေ (ဦးစိန်ဟန်- ဒေါ်တင်လှ)တို့၏ သမီးကြီး၊ ဦးသိန်းမြင့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာစာအဖွဲ့ဦးစီးဌာန)၏ဇနီး၊ ဦးသန့်စင်-ဒေါ်စုစုကျော်၊ ဦးအေးချမ်း-ဒေါ်ခင်ခင်စန်း၊ ဒေါ်ကြေးမုံတို့၏မိခင်၊ ဦးညဏ်ထွန်း-ဒေါ်စိုးစိုးဟန်၊ ဦးကြည်ရွှင်-(ဒေါ်နီလာအေး)တို့၏ အစ်မကြီး၊ မောင်ဖွဲ့ထင်ကျော်၊ မောင်ရဲမာန်ဟိန်း၊ မောင်အားမာန်ထက်တို့၏အဘွား ဒေါ်ခင်စိုးရီသည် ၂၉-၆-၂၀၁၂ ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်နွယ်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ (၁)လမ်း၊ အမှတ်(၁၄၉၅)နေ (ဦးမောင်မောင်-ဒေါ်ခင်ခင်မြ)တို့၏ သမီးကြီး၊ (ဦးဘညွန့်-ဒေါ်ပိုက်)တို့၏ သမီးချွေးမ၊ (ဦးငွေထွန်း)၏ဇနီး၊ ဦးရဲထွန်းဦး-(ဒေါ်ကြူကြူ)၊ ဦးတင်ထွန်းအောင်-ဒေါ်မိုးမိုးအေး၊ ဦးမိုးမြင့်-ဒေါ်သက်ယဉ်မွန်ထွန်း၊ ဦးစိုးမြင့်သိန်း-ဒေါ်တင်မိုးမိုးခိုင်တို့၏ မိခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်တင်တင်နွယ်သည် ၂၉-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၂ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သုခါပဋိပဒါသဒ္ဓမ္မရုံသီရိပ်သာ (ကျောက်ကုန်း)၏ ဥက္ကဋ္ဌ ဦးမင်းသန်းသောင်း-ဒေါ်ခင်ခင်ခတို့၏ အစ်ကိုဖြစ်သူ ဦးမြဘူး (ဝေယျာဝစ္စအလုပ်အမှုဆောင်အဖွဲ့ဝင်) အသက်(၉၀)သည် ၂၇-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

**သုခါရိပ်သာ၊ ကျောက်ကုန်း(ရန်ကင်း)**

## တိုက်ခန်းတွင်နေထိုင်သူနှင့် သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၃၁-လမ်း၊ အမှတ်- ၃၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်ရှင်/မြေရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒီစိုးလွင် [၁၂/ပဗတ(နိုင်)၀၂၈၆၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁ F၊ မြေကွက်အမှတ်- V ၆၃၊ ဧရိယာ (၀.၀၂၉)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်လောရာ [၁၂/မဂတ(နိုင်)၀၁၆၇၇၀]နှင့် ဒေါ်ညွှန့်ညွှန့်တို့ အမည်ဖြင့် မှတ်သားထားပါသည်။ ဒေါ်လောရာမှာ (၂-၈-၂၀၁၁) ရက်နေ့တွင် ကွယ်လွန် သေဆုံးခဲ့ပြီး တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်စန္ဒီစိုးလွင်မှ ဥပဒေအရ တရားဝင် ပိုင်ဆိုင်လာပါသည်။ သို့ဖြစ်ပါ၍ မြေရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေပိုင် အဆိုပါတိုက်တွင် နေထိုင်လျက်ရှိသော အပျောက် တိုက်ခန်းပိုင်ရှင်များအနေဖြင့် မိမိတို့နေထိုင်လျက်ရှိသည့် တိုက်ခန်းကို ပြုပြင်ခြင်း၊ မူလပုံစံ ပြောင်းလဲစေမည့် ပြင်ဆင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ တိုက်ခန်းငှားရမ်းခြင်းများကိုပြုလုပ်ရာတွင် ကျွန်ုပ်မိတ်ဆွေ မြေရှင်ထံ ကြိုတင်အသိပေးခွင့်ပြုချက် တောင်းခံရန်နှင့် တောင်းခံခြင်းမရှိဘဲ မိမိတို့သဘော ဆန္ဒဖြင့် ပြုလုပ်၍ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက မြေရှင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ ထို့ပြင် အပေါ်ဆုံးထပ် (ဒါဘာ)အခန်းကို မြေရှင်ထံ ကြိုတင်ခွင့်ပြုချက်ရယူခြင်းမရှိဘဲ မူလပုံသဏ္ဌာန်ပြောင်းလဲကာ အခန်းများ ဖွဲ့ခြင်း၊ တိုးချဲ့ခြင်း အပါအဝင် တစ်ဆင့်အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခန်းပိုင်ရှင်များနှင့် သက်ဆိုင်သူများအား သိစေအပ်ပါသည်။

**ဒေါ်စန္ဒီစိုးလွင်(၁၂/ပဗတ(နိုင်) ၀၂၈၆၄၈)၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမင်းမင်းထွန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၀၃)**

**အမှတ်-၃၃/၄၉၊ အခန်း (၂)၊ Strand Condo (ပ) ထပ်၊**

**မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၁၀၂၅၃၈၄**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## သာသနဓဇ သီရိပဝရဓမ္မာစရိယ ဘဒ္ဒန္တရေဝတ

**သိက္ခာတော်(၅၀)ဝါ၊ သက်တော်(၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ လိပ်ပြာကန်ကျောင်းတိုက်၊ သီတာရုံကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဒိုက်ဦးမြို့၊ အမှတ်(၃) ဝါဆိုရပ်ကွက်၊ သာသနာ့အလင်းရောင်ကျောင်းတိုက်တို့၏ဦးစီးပဓာနနာယက ဆရာတော်နှင့် လိပ်ပြာကန်ကျောင်းတိုက်ကြီး၏ တိုက်တာအုပ်ချုပ်ရေးနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဖြစ်တော်မူသောဘဒ္ဒန္တရေဝတ (သာသနဓဇသီရိပဝရဓမ္မာစရိယ) အရှင်သူမြတ်သည် (၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်) ၂၈-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

သာသနာ့အလင်းရောင်ကျောင်းတိုက်

ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး

## ဒုတိယဗိုလ်မှူးကြီး ညွန့်ဦး

**DSA.အပတ်စဉ် (၁၆)**

**အသက် (၇၂) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးမောင်ချစ်-ဒေါ်တရုတ်မ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းထွေး၏ ခင်ပွန်း၊ (ဦးသူရိန်လင်း)၊ ဒေါက်တာမေဖြူဦး-ဒေါက်တာဉာဏ်လင်းဖြိုးတို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၉-၆-၂၀၁၂ (ကြာသပတေးနေ့)တွင် ပဲခူးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးမိုးမြင့်-ဒေါ်သက်ယဉ်မွန်ထွန်းတို့၏မိခင်ကြီး ဒေါ်တင်တင်နွယ် အသက်(၈၂)နှစ်သည် ၂၉-၆- ၂၀၁၂ ရက် (ကြာသပတေးနေ့) နံနက် ၇:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

**အပတ်စဉ်(၃၈)မှ သူငယ်ချင်းများ**

### ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၁၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၃)GPဒေါ်စန်းစန်းတင့်+၁၏အမည်ပြောင်းတွင် မြေကွက်အမှတ်-၃၆၂ နှင့်မြေကွက်လိပ်စာတွင်၃၆၂၊ရတနာလမ်း၊(၅)ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ်ဟုအမှန်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၅-၂၀၁၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဒေါ်သင်းသွယ်သွယ်အောင်၏အမည်ပြောင်းတွင်လျှောက်ထားသည့်မြို့နယ်၊ဒဂုံမြောက်အစားဒဂုံအရှေ့နှင့် မြေကွက်လိပ်စာတွင်၈၄၄၊(၁၃၀)ရပ်ကွက်၊ဒဂုံအရှေ့ဟုအမှန်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၁၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)ဒေါ်အေးငြိမ်းစံ+၃၏အမည်ပြောင်းတွင်လျှောက်ထားသူအမည်ဒေါ်အေးငြိမ်းစံ+၃အစားဒေါ်အေးငြိမ်းစံ+၂ဟုအမှန်ဖတ်ရှုပါရန်။

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ တိုက်အမှတ်(၄၂)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (စတုတ္ထထပ်/ ၅-လွှာ /A) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မူမူရှိန် [၉/ကပတ(နိုင်)၁၅၃၅၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာလာ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**

**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြင်သာ(၈)လမ်း၊ မြေကွက်အမှတ်(၁၀၅/၁)၊ စတုတ္ထထပ်- ၅ လွှာ၊ အခန်းအမှတ် (4-A)၊ အကျယ်အဝန်း (၁၃ ၁/၂'x ၅၄')ရှိ တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိဆုဟန် [၁၂/ဥကတ(နိုင်)၁၆၅၃၂၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်ကိုထက် [၅/မကန(နိုင်)၀၆၉၇၇၂]က စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်မျိုးကျော် (LL.B)** — **ဒေါ်အိခိုင်ညီမိး [ LL.B, D.B.L, D.I.L ]**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၅၉)** — **အထက်တန်းရှေ့နေ (စဉ်-၂၉၂၈၈)**

**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၈၉၅၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ လူနေရပ်ကွက်အမှတ် (၄၂)၊ ဦးမင်းလမ်း၊ မြေကွက်အမှတ်(၁၁၃၂)၊ ဧရိယာအကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးသိန်းတန် (AA-၀၁၈၁၆၆) [၁၂/စခန(နိုင်)၀၂၃၇၉၈] နှစ်(၆၀) ဂရန်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ် (၁)လုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးရဲထွဋ်ဦး [၁၂/အစန(နိုင်)၁၃၀၁၁၆] မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရောက်ရယူ ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးဇော် [၁၂/အစန(နိုင်)၀၆၅၁၂၈]မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသဇင်သင်း (LL.B, D.B.L,D.I.L) အထက်တန်းရှေ့နေ(စဉ်-၄၇၇၇၃)**

**ရှေ့နေများရုံးခန်း၊ အင်းစိန်ရှေ့နေအသင်း၊ စုပေါင်းရုံးဝင်းကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၄၉၀၃၁**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုများ အဆင့်မီအောင်ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်...

❖ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

ယနေ့ ဖတ်စရာ

**အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ် စမွန်းကျေးရွာအနီး ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက် ချေမှုန်း၊ လက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

## MNL ပြိုင်ပွဲတွင် မြဝတီနှင့် ဒဂုံစတား အမှတ်ခွဲယူ

ရန်ကုန် ဇွန် ၂၉

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) စတုတ္ထနေ့ကို ဇွန် ၂၉ ရက်က YUSC ကွင်း၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းနှင့် ဒဂုံစတားအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ယခုနောက်ပိုင်းပွဲများတွင် ရလဒ်ကောင်းရထားသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ပထမပိုင်းတွင်သွင်းယူသည့်ဂိုးများဖြင့် အမှတ်ခွဲယူခဲ့သည်။ တန်းတက်ဒဂုံစတားအသင်းသည် ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ တိုင်ထိထွက်ခြင်းတို့ကြောင့် နစ်နာခဲ့ရသည်။ စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ○




မြဝတီအသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။



KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံးအိတ်တံတားကို တွေ့ရစဉ်။

## မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံးအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇွန် ၂၉

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖